# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့က သင်္ဂဟဟိုတယ်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ်တို့အကြား ဝန်ကြီး အဆင့်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ရာ အစည်းအဝေးတွင် သဘောတူညီချက်(၈)ချက် ချမှတ်ခဲ့ပြီး၊ အချက်(င) တွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နိုင်ငံတကာနယ်နိမိတ်နှင့် မြန်မာပိုင်နက် နယ်မြေပေါ်တွင် တည်ဆောက်ထားသည့် ခြံစည်းရိုး အကြားနေထိုင်သူများဟု ဖော်ပြထားပါသဖြင့် နှစ်နိုင်ငံနယ်နိမိတ်ဟု သုံးနှုန်းသင့်ပါသော်လည်း နိုင်ငံတကာနယ်နိမိတ်ဟု မည်သည့်အတွက်ကြောင့် သုံးစွဲခဲ့ရသည်၊ အကယ်၍ မှားယွင်းသုံးနှုန်းခဲ့သည်ဆိုပါက ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ကျိုင်းတုံမြို့ အထွေထွေရောဂါကု ဆေးရုံကြီးနှင့် လွယ်မွေတိုက်နယ် ဆေးရုံတို့၌ လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်နှင့် လက်ထောက် ဆရာဝန်များ အမြန်ဆုံးခန့်ထားပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၇ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ကုသရေးဦးစီးဌာနမှ တာဝန် ယူတည်ဆောက်ခဲ့သော ညောင်တုန်း ပြည်သူ့ဆေးရုံ (၃)ထပ် လူနာဆောင်အသစ်အား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ မည်သည့်အချိန် ကာလတွင် ပြီးစီးအောင် တည်ဆောက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၈ | လွိုင်လင်ခရိုင် အထွေထွေရောဂါကု ခုတင် ၂၀၀ ဆံ့ဆေးရုံကြီးတွင် မေ့ဆေး ဆရာဝန်ကြီးများ အလျင်အမြန် ခန့်အပ်တာဝန်ပေးရန်နှင့် သူနာပြုဆရာမများအတွက် ဝန်ထမ်းအိမ်ရာဆောက်လုပ် ပေးရန် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |

| | | |
|---|---|---|
| ၉ | ဆေးဝါးတက္ကသိုလ်များမှ ဘွဲ့ရရှိသူဦးရေ၊ အစိုးရဌာန ပုဂ္ဂလိက လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်နေမှု အခြေအနေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၇ |
| ၁၀ | ရသေ့တောင်မြို့နယ် မိုးစဲကျွန်းကူတောင်တိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော ဝန်ထမ်းများ နေရာတွင် အချိန်မီဖြည့်တင်း ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၁၁ | မင်းတပ်မြို့နယ်ရှိ မကွီးအိမ်နူး စံကိုက်(၁၆)ခုတင်ဆံ့ ဆေးရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၄ |
| ၁၂ | နိုင်ငံတော်၏မျိုးဆက်သစ် လူငယ်များအား ကျန်းမာလန်းဆန်း ဖြောင့်မတ်သော မျိုးဆက်သစ်များ အဖြစ် ကြီးပြင်းလာကြစေရေး၊ လုပ်ငန်းခွင်ရောက်ပြည်သူများ၏ ကာယစိတ္တဖွံ့ဖြိုးတိုးတက် စေရေးနှင့် သက်ကြီးနိုင်ငံသားများ ကျန်းမာနုပျိုစေရေးတို့နှင့်အတူ မူးယစ်ဆေးဝါးနှင့် အခြား မလိုလားအပ်သော အာရုံများမှ ကင်းလွတ်သက်သာစေနိုင်သည့် အားကစားကဏ္ဍကို စီမံကိန်းနှင့် ရန်ပုံငွေများ ချမှတ်၍ တိုက်တွန်းအားပေး ဖော်ဆောင်ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်း | ၂၈ |
| ၁၃ | ဒေါက်တာစိန်မြအေး၊ ဒလမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း | ၃၃ |
| ၁၄ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကိုလက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း | ၃၃ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၃၆ |

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**စတုတ္ထနေ့ အစီအစဉ်**

**[ ၂၅–၁–၂၀၁၉ ] (သောကြာနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့က သင်္ဂဟာပုိတယ်တွင် မြန်မာ– ဘင်္ဂလားဒေ့ရှ်တို့အကြား ဝန်ကြီးအဆင့် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ရာ အစည်းအဝေးတွင် သဘောတူညီချက် (၈)ချက် ချမှတ်ခဲ့ပြီး၊ အချက်(င)တွင် “ မြန်မာ နှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နိုင်ငံတကာ နယ်နိမိတ်နှင့် မြန်မာပိုင်နက် နယ်မြေပေါ်တွင် တည်ဆောက်ထားသည့် ခြံစည်းရိုး အကြားနေထိုင်သူများ ”ဟု ဖော်ပြထားပါသဖြင့် နှစ်နိုင်ငံနယ်နိမိတ်ဟု သုံးနှုန်းသင့်ပါသော်လည်း “ နိုင်ငံတကာ နယ်နိမိတ် ”ဟု မည်သည့်**

**အတွက်ကြောင့် သုံးစွဲခဲ့ရသည်၊ အကယ်၍ မှားယွင်း သုံးနှုန်းခဲ့သည် ဆိုပါက ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ **ကျိုင်းတုံမြို့ အထွေထွေရောဂါကု ဆေးရုံကြီးနှင့် လွယ်မွေတိုက်နယ်ဆေးရုံတို့၌ လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန်များ အမြန်ဆုံး ခန့်ထား ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအုန်းလွင်၊ ညောင်တုန်း မဲဆန္ဒနယ်၏ **၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ကုသရေးဦးစီးဌာနမှ တာဝန်ယူ တည်ဆောက်ခဲ့သော ညောင်တုန်း ပြည်သူ့ဆေးရုံ (၃)ထပ် လူနာဆောင် အသစ်အား သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ မည်သည့်အချိန်ကာလတွင် ပြီးစီးအောင် တည်ဆောက် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်ခရိုင်၊ အထွေထွေ ရောဂါကု ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီးတွင် မေ့ဆေးဆရာဝန်ကြီးများ အလျင်အမြန် ခန့်အပ်တာဝန်ပေးရန်နှင့် သူနာပြုဆရာမများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **ဆေးဝါးတက္ကသိုလ် များမှ ဘွဲ့ရရှိသူဦးရေ၊ အစိုးရဌာန ပုဂ္ဂလိက လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေမှု အခြေအနေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်၊ မိုးစဲကျွန်းကူတောင်တိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော ဝန်ထမ်းများနေရာတွင် အချိန်မီ ဖြည့်တင်းခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ **မင်းတပ်မြို့နယ်ရှိ မကွီအိမ်နူးမြို့ စံကိုက် (၁၆) ခုတင်ဆံ့ ဆေးရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်က **"နိုင်ငံတော်၏ မျိုးဆက်သစ် လူငယ်များအား ကျန်းမာလန်းဆန်း ဖြောင့်မတ်သော မျိုးဆက်သစ်များ အဖြစ် ကြီးပြင်းလာကြစေရေး၊ လုပ်ငန်းခွင်ရောက် ပြည်သူများ၏ ကာယစိတ္တ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သက်ကြီးနိုင်ငံသားများ ကျန်းမာနုပျိုစေရေး တို့နှင့်အတူ မူးယစ်ဆေးဝါးနှင့် အခြားမလိုလားအပ်သော အာရုံများမှ ကင်းလွတ်သက်သာစေနိုင်သည့် အားကစားကဏ္ဍကို စီမံကိန်းနှင့် ရန်ပုံငွေများ ချမှတ်၍ တိုက်တွန်းအားပေး ဖော်ဆောင်ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့ လာသော **"၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့်ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## စတုတ္ထနေ့မှတ်တမ်း

### ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
### (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)
### (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၇၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်

ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၇၉ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊
(၂) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁ ရက်၊
(၃) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊
(၄) ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊
(၅) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၈ ရက်၊
(၆) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၁ ရက်၊
(၇) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊
(၈) မတ္တရာမဲဆန္ဒနယ်မှ ဦးဇော်မင်းလွင် ခွင့် ၁ ရက်၊
(၉) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်၊
(၁၀) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊
(၁၁) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၁၂) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၁၃) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊
(၁၄) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၁ ရက်၊
(၁၅) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်၊

**မူကြမ်း**

(၁၆) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊
(၁၇) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော် ခွင့် ၁ ရက်၊
(၁၈) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ခွင့် ၁ ရက်၊
(၁၉) ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်း ခွင့် ၁ ရက်၊
(၂၀) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်၊
(၂၁) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၁ ရက်၊
(၂၂) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၈ ရက်၊
(၂၃) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် ၁ ရက်၊
(၂၄) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊
(၂၅) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊
(၂၆) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ခွင့် ၁ ရက်၊
(၂၇) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ခွင့် ၁ ရက်၊
(၂၈) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊
(၂၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊
(၃၀) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၁ ရက်၊
(၃၁) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်နှင့်
(၃၂) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၂၂ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၅၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့က သင်္ဂဟဟိုတယ်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ်တို့အကြား ဝန်ကြီးအဆင့်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ရာ အစည်းအဝေးတွင် သဘောတူညီချက်(၈)ချက် ချမှတ်ခဲ့ပြီး၊ အချက်(င)တွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နိုင်ငံတကာနယ်နိမိတ်နှင့် မြန်မာပိုင်နက်နယ်မြေပေါ်တွင် တည်ဆောက်ထားသည့် ခြံစည်းရိုးအကြားနေထိုင်သူများဟု ဖော်ပြထားပါသဖြင့် နှစ်နိုင်ငံနယ်နိမိတ်ဟု သုံးနှုန်းသင့်ပါသော်လည်း နိုင်ငံတကာနယ်နိမိတ်ဟု မည်သည့်အတွက်ကြောင့် သုံးစွဲခဲ့ရသည်၊ အကယ်၍ မှားယွင်းသုံးနှုန်းခဲ့သည်ဆိုပါက ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပြီးတော့ Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့က နေပြည်တော် သင်္ဂဟဟိုတယ်မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြားမှာ ဝန်ကြီးအဆင့်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာ သဘောတူညီချက်(၈)ချက်ချမှတ်ခဲ့ပြီးတော့မှ အချက်(င)မှာတော့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နိုင်ငံတကာနယ်နိမိတ်တွင်နေထိုင်လျက်ရှိသူများ၊ အထူးသဖြင့် နိုင်ငံတကာနယ်နိမိတ်နှင့် မြန်မာပိုင်နက်နယ်မြေပေါ်တွင် တည်ဆောက်ထားသည့် ခြံစည်းရိုးကြား နေထိုင်သူများလို့ ဖော်ပြထားတာကို သတင်းစာမှာ ဖတ်ရှုရပါတယ်။ နယ်နိမိတ်ကိစ္စရပ်များဟာ Delicate ဖြစ်သလို Sensitivity များစွာမြင့်မားပါတယ်။ မှားယွင်းသုံးစွဲတဲ့စကားလုံးအသုံးအနှုန်း တစ်ခုရဲ့အဓိပ္ပာယ်ကြောင့် မိမိတို့နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကို ထိခိုက်နိုင်ပါတယ်ဆိုတာကို အစိုးရက Zero Line၊ No Man Land စသဖြင့်သုံးစွဲခဲ့လို့ လွှတ်တော်မှာ ကျွန်တော်မေးခွန်းမေးမြန်းခဲ့တာကို မှတ်မိကြအုံးမှာပါ။ အဲဒီတုန်းကတော့ ပြန်ကြားရေးဒုတိယဝန်ကြီး လာရောက်ဖြေကြားပြီးတော့မှ မှားယွင်းသုံးစွဲခဲ့တယ်။ နောင်ဆင်ခြင်ပါမယ်လို့ ပြောကြားသွားပါတယ်။ ယခုတစ်ခါ နှစ်နိုင်ငံ သဘောတူညီချက်မှာမလိုလားအပ်တဲ့ နိုင်ငံတကာနယ်နိမိတ်တွင်နေထိုင်သူများဆိုတဲ့အသုံးအနှုန်းဟာ တိုင်းပြည်အတွက် အန္တရာယ်ကိုဖိတ်ခေါ်သလို ဖြစ်နေပါတယ်။ မြန်မာနှင့် ပါကစ္စတန်အကြားမှာ နယ်နိမိတ်စာချုပ်ကို ၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့က ရန်ကုန်မှာလက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီ အချိန်တုန်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံရယ်လို့ မဖြစ်ပေါ်သေးပါဘူး။ နယ်နိမိတ်စာချုပ်ကို Protocol Between The Government of the Union of Burma and The Government of the

Islamic Republic of Pakistan on the Demarcation of the Fix Boundary Between the two Countries in the Naaf River လို့ဆိုပါတယ်။ တဖန် အဲဒါတွေရဲ့ Supplementary Protocol ကိုလည်း ရန်ကုန်မှာပဲ ၁၉၈၀ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီ Protocol နှစ်ခုလုံးမှာ International Boundary လို့သုံးနှုန်းထားတာ တစ်ခုမှမတွေ့ရှိရပါဘူး။ တဖန် ၁၉၈၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှာ ဒက္ကာမှာ နယ်နိမိတ်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တစ်ခုကို ချုပ်ဆိုခဲ့ပါတယ်။ အင်္ဂလိပ်၊ မြန်မာစာချုပ်နှစ်ခုလုံး ကျွန်တော် ဖတ်ရှုလေ့လာပြီး ဖြစ်ပါတယ်။ Agreement Between The Government of the Socialist Republic of Union of Burma and The Government of the People's Republic of Bangladesh on Border Agreement and Cooperation ဒီလိုဆိုပါတယ်။ အဲဒီစာချုပ်မှာလည်း Common Border မြန်မာလိုတော့ နှစ်နိုင်ငံနယ်ခြားလို့ ကျွန်တော်တို့ အတိအလင်းဖော်ပြ ထားတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် နှစ်နိုင်ငံနယ်ခြားဆိုရင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံနဲ့ပဲ သက်ဆိုင်တဲ့နယ်နိမိတ်လို့ အဓိပ္ပာယ်ထွက်ပြီး နိုင်ငံတကာနယ်နိမိတ်ဆိုရင်တော့ နိုင်ငံများနှင့်သက်ဆိုင်တဲ့နယ်နိမိတ်လို့ အဓိပ္ပာယ်ရပါတယ်။ နှစ်နိုင်ငံနှင့်သက်ဆိုင်တဲ့ကိစ္စကို နိုင်ငံတကာနှင့်သက်ဆိုင်နေအောင် သွတ်သွင်းပြီးတော့မှ သဘောတူညီချက်ထုတ်ပြန်တာကို လုံးဝကန့်ကွက်ပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့မေးခွန်းကတော့ နှစ်နိုင်ငံနဲ့ပဲသက်ဆိုင်တဲ့နယ်နိမိတ်ကို ဘာကြောင့် နိုင်ငံတကာနယ်နိမိတ်လို့ သုံးနှုန်းခဲ့တယ်ဆိုတာကို ရှင်းလင်းဖြေကြားပေးပါရန်နှင့် တကယ်လို့မှားယွင်းသုံးစွဲခဲ့တယ်ဆိုရင် နိုင်ငံတကာနယ်နိမိတ်အစား နှစ်နိုင်ငံနယ်နိမိတ်လို့ ပြန်လည်ပြင်ဆင်ပေးရန်အတွက် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်တင်(ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဖြစ်ပါတယ်။ ယခု မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မြင့် မေးမြန်းသွားတဲ့မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နိုင်ငံတကာနယ်နိမိတ်ဟူသောအသုံးအနှုန်းဟာ မှားယွင်းသုံးစွဲခဲ့ခြင်းလုံးဝမဟုတ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ စာရွက်စာတမ်းအထောက်အထားများနှင့် ရှင်းလင်းတင်ပြမှာဖြစ်တဲ့အတွက် ဘာကြောင့်မှန်ကန်မှုရှိလဲဆိုတာ သေချာရှင်းလင်းစေရန်အတွက် Power Point ဖြင့်ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ နယ်နိမိတ်မှာဆိုလို့ရှိရင် ပြည်တွင်းနယ်နိမိတ်(Internal Boundary)နှင့် International Boundary လို့ခေါ်တဲ့ နိုင်ငံတကာနယ်နိမိတ်ဆိုပြီးတော့ နှစ်မျိုးနှစ်စားရှိပါတယ်။ အဲဒီမှာ ပြည်တွင်းနယ်နိမိတ်ဆိုတာကတော့ အားလုံးသိပြီးသားဖြစ်တဲ့အတိုင်း နိုင်ငံတစ်နိုင်ငံရဲ့ပြည်တွင်းမှာ

ရှိတဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးနှစ်ခုတွေကို ခွဲခြားသတ်မှတ်တဲ့မျဉ်းကို ပြည်တွင်းနယ်နိမိတ်လို့ ခေါ်ဆိုကြပါတယ်။ နိုင်ငံတကာနယ်နိမိတ်ဆိုတာကတော့ နိုင်ငံတစ်နိုင်ငံထက်ပိုတဲ့ နိုင်ငံနှစ်နိုင်ငံကို ခွဲခြား/ပိုင်းခြားသတ်မှတ်တဲ့ဟာကို နိုင်ငံတကာနယ်နိမိတ်လို့ နိုင်ငံတကာမှာသုံးစွဲတဲ့၊ မှန်ကန်တဲ့ အသုံးအနှုန်းဖြစ်ပါတယ်။ ဒီဟာကဘာပြထားလဲဆိုရင် မြန်မာနှင့် ပါကစ္စတန်နဲ့ ၁၉၆၆ ခုနှစ်က ချုပ်ဆိုခဲ့တဲ့ နတ်မြစ်ပုံသေနယ်နိမိတ်သတ်မှတ်ခြင်းဆိုင်ရာသဘောတူစာချုပ် ဖြစ်ပါတယ်။ မူရင်းကို ဒါပြီးရင် ကျွန်တော်ပြပါမယ်။ အဲဒီစာချုပ်ရဲ့အပိုဒ် ၁ မှာ ယခုစာချုပ်သည် နတ်မြစ်အပိုင်း နိုင်ငံတကာနယ်နိမိတ်ကို သတ်မှတ်သည်ဟုဖော်ပြထားတဲ့အခါမှာ နိုင်ငံတကာနယ်နိမိတ်အသုံးအနှုန်းကို အောက်ပါအတိုင်း ထည့်သွင်းဖော်ပြထားပါတယ်။ The Present Agreement deals with the International Boundary only in the Naaf River Section Stretching from the mouth of the Naaf River northward to the mouth of the machhkajia at its Junction with the Changai Chaung အဲဒီတော့ ဒီစာချုပ်ရဲ့ အပိုင်း(၁)ကိုကြည့်လိုက်လို့ရှိရင် အင်္ဂလိပ်လိုမူရင်းမှာ International Boundary(နိုင်ငံတကာနယ်နိမိတ်)လို့ မှန်ကန်စွာသုံးစွဲထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကတော့ ခုနက ကျွန်တော်ဖော်ပြခဲ့တဲ့ မြန်မာနှင့် ပါကစ္စတန် ထိုစဉ်က ပါကစ္စတန်ပေါ့နော်။ အခုနောက်ပိုင်းမှာ တော့ ၁၉၇၁ ခုနှစ်နောက်ပိုင်းမှာ ဘင်္ဂလားဒေ့ရှ် ဖြစ်လာတာဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနှင့် ပါကစ္စတန်နဲ့ ၁၉၆၆ ခုနှစ်မှာ ချုပ်ဆိုခဲ့တဲ့စာပိုဒ်ရဲ့ Article One ကို ကျွန်တော် မူရင်းကို တင်ပြထား ခြင်း ဖြစ်ပါတယ်။ ဒီစာချုပ်ကတော့ မြန်မာ-ဘင်္ဂလားဒေ့ရှ် ၁၉၉၈ ခုနှစ် နတ်မြစ်မြောက်ဘက် ကုန်းနယ်နိမိတ်အပိုဒ် ၅ အပိုဒ်ခွဲ(၁)မှာလည်းပဲ နိုင်ငံတကာနယ်နိမိတ်သည် Changai Chaung ၏ ရေလယ်ကြောအတိုင်း သွားသည်ဟုဖော်ပြထားရာတွင် နိုင်ငံတကာနယ်နိမိတ်ဟူ၍ အသုံးအနှုန်းကိုပဲ တိကျစွာထည့်သွင်းသုံးနှုန်းထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီမှာဆိုလို့ရှိရင် အင်္ဂလိပ်လိုရေးထား တဲ့အပိုင်းမှာ အချိန်ကိုငဲ့ညှာသောအားဖြင့် နောက်ပိုင်းအပိုင်းကိုပဲ ဖတ်ပါမယ်။ ဒီမှာဆိုလို့ရှိရင် The International Boundary အဝါရောင်နဲ့ပြထားပါတယ်။ The International Boundary follows the mid-channel of Changai Chaung to a point where the old Arakan Road crosses Changai Chaung and where the double pillars of Boundary Point No. 31 are Located. အဲဒီတော့ ဒါလည်း စာချုပ်မူရင်းကို ပြန်လည်ကူးယူထားခြင်းဖြစ်ပါတယ်။ အဲဒီမှာလည်း အလားတူပဲ နိုင်ငံတကာနယ်နိမိတ်လို့ပဲ၊ International Boundary လို့ သုံးစွဲထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကတော့ ခုနက ကျွန်တော်ဖတ်ပြခဲ့တဲ့စာချုပ်ပေါ့နော်။ ၁၉၉၈ ခုနှစ်က နတ်မြစ်မြောက် ကုန်းပိုင်းနယ်နိမိတ်စာချုပ်ရဲ့မူရင်းကို ဓာတ်ပုံရိုက်ပြီးတော့ တင်ပြထားခြင်းဖြစ်ပါတယ်။ Underline လုပ်ပြထားတဲ့ ပထမဦးဆုံးစာပိုဒ်ဟာဆိုလို့ရှိရင် အဲဒီဟာ Chapter 5 ရည်ညွှန်းပြောဆိုခဲ့တဲ့အပိုင်း ဖြစ်ပါတယ်။ အဲဒီမှာလည်း International Boundary လို့ သုံးစွဲထားတာကို တွေ့ရှိရပါတယ်။

ထို့အတူ ဒါကတော့ ကျွန်တော်တို့ မြန်မာနဲ့ ပါကစ္စတန်နဲ့ချုပ်ဆိုခဲ့တဲ့စာချုပ်ကိုပြောထားပြီးတော့ နောက်တစ်ခုက မြန်မာနှင့် ပါကစ္စတန်တင်မကဘဲနဲ့ မြန်မာနှင့် အိန္ဒိယ ဘယ်လိုချုပ်ခဲ့လဲဆိုရင် ကျွန်တော် ပြန်လည်ရည်ညွှန်းတင်ပြမှာဖြစ်ပါတယ်။ အဲဒီတော့ ၈-၅-၂၀၁၄ ခုနှစ်က ချုပ်ဆိုခဲ့တဲ့

မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာအပိုဒ် ၆ မှာလည်းပဲ အပြည်ပြည်ဆိုင်ရာနယ်နိမိတ်မျဉ်း၏တစ်ဖက်တစ်ချက် ၁၀ မီတာတွင် မည်သည့်အဆောက်အဦမျှ ဆောက်လုပ်ခြင်းမပြုရ၊ No Construction of any Structure Shall be made within 10 meters on each side of the International Boundary Line. အဲဒီမှာလည်းပဲ ကျွန်တော်တို့ International Boundary(နိုင်ငံတကာနယ်နိမိတ်)လို့ပဲ သုံးနှုန်းထားတာ တွေ့ရှိရပါတယ်။ ဒါ International Boundary တော့ တစ်ခါတစ်ခါ မြန်မာလိုပြန်တဲ့အခါမှာ နိုင်ငံတကာနယ်နိမိတ်သုံးတဲ့အခါမျိုးရှိသလို အပြည်ပြည်ဆိုင်ရာနယ်နိမိတ်သုံးတာတွေလည်း ရှိတယ်။ ဒါကတော့ ဘာသာပြန်တဲ့အချိန်မှာ သုံးစွဲတာပေါ်မူတည်ပြီးတော့ ကွဲလွဲမှုတွေရှိရင် ဖြစ်ပါတယ်။ ဒီမှာကတော့ ဘယ်စာချုပ်မှာပဲဖြစ်ဖြစ် အင်္ဂလိပ်လို နှစ်နိုင်ငံကြားနယ်နိမိတ်ကို ရည်ညွှန်းတဲ့အခါမှာ International Boundary လို့ သုံးစွဲတာမှန်ကန်ကြောင်းကို ဒီစာချုပ်ထဲကနေ ထောက်ပြနေခြင်းဖြစ်ပါတယ်။

ဒါကလည်း ခုနက ကျွန်တော်ဖတ်ပြသွားခဲ့တဲ့ မြန်မာနဲ့ အိန္ဒိယနဲ့ချုပ်ဆိုခဲ့တဲ့စာချုပ်မူရင်းကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ Underline လုပ်ပြထားတဲ့အပိုင်းသည် ခုနက ကျွန်တော်ရည်ညွှန်းဖတ်ပြသွားတဲ့ International Boundary လို့အသုံးအနှုန်းပါဝင်တဲ့စာပိုဒ်ဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနှင့် အိမ်နီးချင်းနိုင်ငံများအကြား ချုပ်ဆိုထားရှိသည့် နယ်နိမိတ်စာချုပ်များအားလုံးမှာ နှစ်နိုင်ငံအကြား နယ်နိမိတ်ကို နိုင်ငံတကာနယ်နိမိတ်ဟုသုံးနှုန်းထားတာကို တွေ့ရှိရသကဲ့သို့ အခြားနိုင်ငံတွေမှာလည်း သက်ဆိုင်ရာနှစ်နိုင်ငံအကြားစာချုပ်တွေ လေ့လာကြည့်ရှုတဲ့အခါမှာ သူတို့နှစ်နိုင်ငံအကြားသတ်မှတ်ထားတဲ့နယ်နိမိတ်တွေကို နိုင်ငံတကာနယ်နိမိတ်(International Boundary)အဖြစ်သာ ရည်ညွှန်းသုံးနှုန်းလျက်ရှိကြတာကို လေ့လာတွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သို့ဖြစ်ပါ၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နယ်နိမိတ်ကို ရည်ညွှန်းပြောဆိုခဲ့ရာတွင် နိုင်ငံတကာနယ်နိမိတ်ဟူ၍ သုံးနှုန်းခဲ့ခြင်းမှာ မှားယွင်းခြင်းမရှိဘဲ နိုင်ငံတကာကျင့်ထုံးအရ မှန်ကန်တိကျသည့်အသုံးအနှုန်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ အခုလိုရှင်းလင်းဖြေကြားပေးတဲ့ဝန်ကြီး ဦးကျော်တင်ကို ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ဒီနေရာမှာတော့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ရပ်တည်ချက်ယူရတာရှိပါတယ်။ ကျွန်တော် အခုကိုင်ထားတာတွေကလည်း ဒီစာချုပ်တွေပေါ့။ ဒီစာချုပ်တွေမှာ အင်္ဂလိပ်လိုကျွန်တော်ဖတ်ပြပါမယ်။ The Government of the Socialist Republic of the Union of Burma and Government of the people Republic of the Bangladesh for the purpose of Maintaining and Promoting peace and Co-operation along their common border and of amicably resolving such Problems as may arise between the two countries in the common border areas အဲဒီတော့ ဒါကို မြန်မာပြန်ထားရာမှာလည်း ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတအစိုးရတို့သည် နှစ်နိုင်ငံနယ်ကြားတစ်လျှောက်တွင် ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတည်တံ့ခိုင်မြဲ

အောင် ထိန်းသိမ်းရန်နှင့် တိုးတက်စေရန်အတွက်လည်းကောင်း၊ နှစ်နိုင်ငံနယ်ကြားဒေသများတွင် ဖြစ်ပေါ်စေသည့် ပြဿနာများကို ခင်မင်ရင်းနှီးစွာဖြင့် ဖြေရှင်းနိုင်ရန်အတွက်လည်းကောင်း ဒီလိုမျိုးရေးထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဝန်ကြီးနဲ့ ကျွန်တော်တို့ရဲ့ကြားထဲမှာဖြစ်နေတဲ့ပြဿနာက တိုင်းသိပြည်သိပါ။ ကမ္ဘာသိပါ။ အဲဒီလိုမျိုးဖြစ်တဲ့အချိန်မှာ ကျွန်တော်တို့က စာချုပ်ထဲမှာပါတဲ့ Common Border ကို သုံးသလား။ International Border ကိုသုံးမလား။ အဲဒီတော့ Common Border သုံးရင် ကိုယ့်အတွက်ဘာအကျိုးရှိမလဲ။ International Border ကိုသုံးရင် ကိုယ့်အတွက် ဘာအကျိုးယုတ် မလဲဆိုတာကို ဒါကတော့ ဝန်ကြီးဌာနရဲ့ရပ်တည်ချက်ပါ။ ကျွန်တော့်အနေနဲ့ကတော့ ဖြင့် ဒီစာချုပ်ထဲမှာ စာချုပ်လေးခုလုံး ကျွန်တော်လေ့လာပြီးပါပြီ။ ဒါကြောင့်မို့လို့ ဒီဟာနဲ့ပတ်သက်ပြီး တော့မှ Common Border လေးကိုဆိုတာလေးကိုရော ဝန်ကြီးသိပါသလားဆိုတာကို ကျွန်တော်က မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါရန်။

**ဦးကျော်တင်(ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနတို့၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနတို့ဆိုတာ နိုင်ငံတကာနဲ့ဆက်ဆံတဲ့အခါမှာ နိုင်ငံတကာကျင့်ထုံးအသုံးအနှုန်းနှင့်အညီ အသုံးပြုရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတကာသဘောတူညီချက်တို့၊ နောက်ပြီးတော့ ကြေညာချက်တို့မှာသုံးတဲ့အခါမှာတော့ နိုင်ငံတကာအသုံးအနှုန်းအတိုင်း ကျွန်တော်တို့ နိုင်ငံတကာ International Border ဆိုတာသုံးနှုန်းခြင်းဖြစ်ပါတယ်။ အရပ်သုံးစွဲရာမှာဖြစ်စေ၊ စာစောင်တွေမှာရေးရတာဖြစ်စေ ကတော့ ရှင်းလင်းသဲကွဲမှုရှိအောင် မိမိတို့ကြိုက်သလို ရေးဆွဲလို့ရပါတယ်။ နိုင်ငံတကာဆက်ဆံရေး မှာကတော့ နိုင်ငံတကာကျင့်ထုံးနှင့်အညီပဲ သုံးနှုန်းရခြင်းဖြစ်ပါတယ်။ အဲဒီတော့ မိမိတို့သုံးစွဲချက်ဟာ မှန်ကန်တယ်ဆိုတဲ့အကြောင်းကို ကျွန်တော့်အနေနဲ့ ထပ်လောင်းအတည်ပြုပြောကြားလိုပါတယ်။ စာချုပ်မူရင်းလည်း ကျွန်တော့်လက်ထဲမှာပါပါတယ်။ ဒါကို စိတ်ဝင်စားသူများလည်း မူရင်းကို မျှဝေ ပြီးတော့ ပြသနိုင်ပါတယ်။ သုံးစွဲတာမှန်ကန်မှုရှိတယ်ဆိုတဲ့အကြောင်း အဲဒါကိုပဲ ကျွန်တော့်အနေနဲ့ ထပ်လောင်းတင်ပြလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ကျိုင်းတုံမြို့ အထွေထွေရောဂါကု ဆေးရုံကြီးနှင့် လွယ်မွေတိုက်နယ်ဆေးရုံတို့၌ လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန်များ အမြန်ဆုံးခန့်ထားပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျား။ ကျန်တော်မေးမြန်းမှာကတော့ ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် လွယ်မွေတိုက်နယ်ဆေးရုံတို့မှာ လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန်များ အမြန်ဆုံးခန့်ထားပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုလို့ မေးတဲ့မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှာ ဆေးရုံအုပ်ကြီးရဲ့ ၁-၁၀-၂၀၁၈ ရက်စွဲပါ ဖော်ပြချက်စာရင်းအရ ကျိုင်းတုံမြို့ အထွေထွေရောဂါကု ဆေးရုံကြီးနှင့် မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများမှာ တာဝန်ခံလက်ထောက်ဆရာဝန် ခွင့်ပြု၊ ခန့်ထား၊ လစ်လပ်စာရင်း၌ အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန်များ လစ်လပ်လျက်ရှိကြောင်း တွေ့ရှိပါတယ်။ အထူးသဖြင့် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် လွယ်မွေတိုက်နယ် ဆေးရုံတို့မှာ လစ်လပ်လျက်နေရာများရှိနေတဲ့အတွက် အရေးကြီးခန့်ထားရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ပြသရှင်းလင်းခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။ ဒါကတော့ ၁-၁၀-၂၀၁၈ ရက်နေ့ အထွေထွေရောဂါကုဆေးရုံကြီး ကျိုင်းတုံမြို့ပေါ်မှာ အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန်များရဲ့ ခွင့်ပြု၊ ခန့်ထား၊ လစ်လပ်စာရင်းဖြစ်ပါတယ်။ အဲဒီမှာဆိုရင် အစဉ်(၂)နှစ်မှာ အထူးကုဆရာဝန်ကြီး ခွင့်ပြုတာ ၁၇ ဦးဖြစ်ပြီးတော့ ငါးဦးခန့်ထားပြီး ၁၂ ဦး လစ်လပ်လျက်ရှိတာကို တွေ့ရပါတယ်။ အစဉ်(၃)မှာဆိုလည်း အထူးကုဆရာဝန် ၁၇ ဦးမှာ ငါးဦးခန့်ထားပြီး လစ်လပ်တာ ၁၂ ဦးတွေ့ရပါတယ်။ တိုက်နယ်ဆေးရုံနဲ့ပတ်သက်ရင် အစဉ်(၃) လွယ်မွေတိုက်နယ်ဆေးရုံမှာဆိုရင် ခွင့်ပြုအင်အားက နှစ်ဦးခန့်ထားခြင်းမရှိတဲ့အတွက် နှစ်ဦးလစ်လပ် ကြောင်းတွေ့ရှိရပါတယ်။ ဒါကတော့ ကျွန်တော်တို့ အထွေထွေရောဂါကုဆေးရုံကြီး ကျိုင်းတုံမြို့ရဲ့ အတွင်း လူနာစုစုပေါင်း၊ ပြင်ပလူနာစုစုပေါင်း၊ ခွဲစိတ်မှုစုစုပေါင်း၊ တစ်နေ့ပျမ်းမျှအတွင်းလူနာ၊ တစ်နေ့ပျမ်းမျှ ပြင်ပလူနာ၊ နောက်ပြီးတော့ မွေးဖွားလူနာစုစုပေါင်း ဖော်ပြထားတဲ့စာရင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှာဆိုလို့ရှိရင် လစဉ် တက်ရောက်ကုသမှု ခံယူနေတဲ့လူနာ အများအပြားရှိကြောင်း ဒီစာရင်းအရ သိရှိရပါတယ်ခင်ဗျား။ ဒါကတော့ ကျိုင်းတုံမြို့မှာ ဆေးရုံနဲ့ပတ်သက်ပြီး ခန့်ထားတဲ့ ဆရာဝန်၊ ဆရာမနဲ့ ဝန်ထမ်းတွေရဲ့ အင်အားဖြစ်ပါတယ်။ ဒါလည်း အဆက်ဖြစ်ပါတယ်။ ဒါလည်း ဝန်ထမ်းခန့်ထားမှုအဆက်ဖြစ်ပါတယ်။ တိုက်နယ် ဆေးရုံရှိတဲ့ လွယ်မွေကျေးရွာဟာဆိုလို့ရှိရင် ကျိုင်းတုံမြို့နဲ့ မိုင် ၂၀ ကွာဝေးပြီး အမှတ် ၂၂၆ တပ်ရင်း လေကြောင်းရန်ကာကွယ်ရေးတပ်နဲ့ လွယ်မွေအထက်တန်းကျောင်းရှိရာ တပ်မတော်သားများ၊ ကျောင်းသူကျောင်းသားများ၊ အများပြည်သူအများအပြားနေထိုင်တဲ့ လွယ်မွေတိုက်နယ်ဆေးရုံကို အားကိုးနေရကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။ ထို့ပြင် လွယ်မွေတိုက်နယ်ဆေးရုံအနီးအနားမှာ ဆိုလို့ရှိရင် ကျေးရွာအများအပြားရှိပြီး လွယ်မွေတိုက်နယ်ဆေးရုံကိုသာ အားကိုးနေရပေမဲ့ ခန့်ထားတဲ့ ဆရာဝန်မရှိတဲ့အတွက် လစ်လပ်နေပြီး အရေးကြီးလူနာ၊ ခွဲစိတ်ဖို့လူနာ၊ မွေးလူနာတို့ကို မိုင် ၂၀ ကွာဝေးတဲ့ ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးသာ သွားရောက်ကုသမှုခံယူနေရပါတယ်။ မိုင် ၂၀ ဆိုပေမဲ့လည်း တောင်ပေါ်လမ်းဖြစ်တဲ့အတွက် အကွေ့အကောက်များခြင်း၊ လမ်းကြမ်းတမ်း ခြင်းတို့ကြောင့် အရေးပေါ်လူနာများအတွက် အထူးစိုးရိမ်နေရပါတယ်။ သို့ဖြစ်ပါ၍ ကျိုင်းတုံမြို့

အထွေထွေရောဂါကုဆေးရုံကြီးနှင့် လွယ်မွေတိုက်နယ်ဆေးရုံတို့မှာ လစ်လပ်လျက်ရှိသော အထူးကု ဆရာဝန်နဲ့ လက်ထောက်ဆရာဝန်များ အမြန်ဆုံးခန့်ထားပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဆုံး ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျိုင်းတုံမြို့နယ်အထွေထွေရောဂါကုဆေးရုံကြီးဟာ ခုတင် ၂၀၀ ဖြစ်ပါတယ်။ အားလုံး အထူးကုဘာသာရပ် ၁၇ မျိုးရှိပါတယ်။ ၁၇ မျိုးမှာ အထူးကုပေးထားတာ ကျိုင်းတုံမြို့မှာ ဆေးပညာကတစ်ဦး၊ ခွဲစိတ်နှစ်ဦး၊ သားဖွားသုံးဦး၊ ကလေး Special List နှစ်ဦး၊ အရိုး Special List တစ်ဦး၊ မျက်စိ Special List တစ်ဦး၊ နား၊ နှာခေါင်း Special List တစ်ဦး၊ ခတ်မှန် Special List တစ်ဦး၊ စိတ်ရောဂါအထူးကုတစ်ဦး၊ သွားကျန်းမာရေးဆရာဝန်တစ်ဦးနဲ့ အထူးကုဘာသာ ၁၀ မျိုးမှာ အားလုံး စုစုပေါင်း ၁၄ ဦးကို ခန့်ထားပါတယ်။ ထို့အပြင် ဒီလ ၂၂ ရက်မှာလည်း အထူးကုဆရာဝန် Special List AS ရောဂါဗေဒဆရာဝန်တစ်ဦးကို ခန့်ထားပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တောင်းဆိုတဲ့ အထူးကုဆရာဝန်ကြီးမေ့ဆေးတစ်ဦးရယ် ယခုလအတွင်း EC မှာလည်း List ပါနေပါ တယ်။ မနေ့က အချိန်မရတဲ့အတွက် EC ကမပြီးပါဘူး။ တနင်္လာနေ့မှာ ဆက်လုပ်မှာဖြစ်တဲ့အတွက် ၂၈ ရက် ဇန်နဝါရီမတိုင်ခင်မှာ Order ထုတ်ပြီးတော့ မေ့ဆေးဆရာဝန်ကြီးကို ပေးမှာဖြစ်ပါတယ်။ ကျန်အထူးကုအားလုံး ၁၇ ဦးမှာ အထူးကုဘာသာရပ် ငါးခုမှာတော့ မရှိသေးပါဘူး။ မရှိသေးတာ ကလည်း မှုခင်းရယ်၊ Microbiologic ရယ်၊ အကြော၊ အဆစ်ရယ်၊ ဦးနှောက်အာရုံကြော၊ ဦးနှောက် အာရုံကြောခွဲစိတ်ရယ်ကတော့ မရှိသေးပါဘူး။ ဒါကလည်း ဗဟိုမှာတောင်မှ အင်အားနည်းနေတဲ့ အတွက် လောက်နိုင်သလောက်ပဲ ကျွန်တော်တို့က လည်ပတ်နိုင်ပါတယ်။ ရှိတဲ့အခါမှာ ပေးမှာဖြစ်ပါ တယ်။ ဒီကိစ္စများကိုလည်း အကုန်လုံးသိတဲ့အတွက် Post Graduates တွေကိုလည်း ဒီနှစ်မှာပုံဖော်ပါ တယ်။ နောက်နှစ်မှာလည်း ယခုထက်ပိုမိုပြီးဖော်ဖို့ ကျွန်တော်တို့ ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ ဒီလို Post Graduates တွေခေါ်မှသာလျှင် ဒီလိုကုတင် ၂၀၀၊ ၁၀၀ နှင့်အထက် ဆေးရုံတွေမှာ Special List တွေ အကုန်ပြည့်ဝနိုင်မှာဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ လွယ်မွေတိုက်နယ်ဆေးရုံမှာ လစ်လပ်နေသော လက်ထောက်ဆရာဝန် မရှိတဲ့ကိစ္စနဲ့ပတ်သက်တာကတော့ ကျွန်တော်တင်ပြလိုတာကတော့ ကျွန်တော်တို့နိုင်ငံမှာ အားလုံး Station Hospitality တိုက်နယ်ဆေးရုံပေါင်း ၇၄၅ ရုံ ရှိပါတယ်။ အဲဒီ ၇၄၅ ရုံမှာ ၂၅၀ နီးပါးလောက်က ဆရာဝန်မရှိသေးပါဘူး။ ဒီကိစ္စကိုလည်း ကျွန်တော်တို့သိပါတယ်။ ဆရာဝန်အင်အား အခုတော့ မကြာခင်မှာ ကျွန်တော်တို့ တစ်ထောင်ကျော်လောက်ဝင်ဖို့ရှိပါတယ်။ နောက်ထပ် ခြောက်ပတ်လောက်မှာ။ တစ်ထောင်ကျောက်လောက်ဝင်တဲ့အခါမှာတော့ အဲဒီကနေပြီးတော့

ဝင်လာလို့ရှိရင် ဆေးရုံကြီးမှာ Training ရပြီးသား ဆရာဝန်တွေကို တိုက်နယ်ဆေးရုံပို့ပါတယ်။ တိုက်နယ်ဆေးရုံကို ဝင်ဝင်ချင်းချင်းမပို့ပါဘူး။ တိုက်နယ်ဆေးရုံဟာ အနည်းဆုံး တိုင်းဒေသကြီးနှင့် ပြည်နယ်ဆေးရုံ၊ Special List ရှိတဲ့ဆေးရုံမှာ နှစ်နှစ်၊ သုံးနှစ် အဲလောက် လေးနှစ်လောက်မှ ပို့ပါတယ်။ သူတို့က ခွဲနိုင်၊ စိတ်နိုင် အားကုန်လုံးလုပ်မှာပဲဖြစ်တဲ့အတွက် ကျွန်တော်တို့ဟာ တိုက်နယ်ဆေးရုံပို့တဲ့အခါမှာတော့ သေသေချာချာစိစစ်ပြီးမှပဲ ပို့ခြင်းဖြစ်ပါတယ်။ အဲဒီတော့ ၂၀၁၉ ခုနှစ် ဧပြီလအတွင်းမှာတော့ ကျွန်တော်အနေနဲ့ ဒါကို ဖြည့်ဆည်းပေးမယ်ဆိုတာကို ကျွန်တော်ပြောကြားလိုပါတယ်။ နောက်တစ်ချက်ကတော့ Power Point ကတော့ ခုနတော့ ပြပါတယ်။ ကျွန်တော်ဆီမှာလည်း စာရင်းဇယားတွေရှိပါတယ်။ ဒါပေမဲ့ Power Point ကအရမ်းသေးတဲ့အခါကျတော့ မမြင်ပါဘူး။ ဆိုလိုတာက ကျွန်တော့်ဆီမှာရှိတဲ့ စာရင်းဇယားနဲ့ ဟိုကစာရင်းဇယားတူမှန်းမသိတဲ့အတွက် နောက်ပိုင်းမှာဆိုရင် လွှတ်တော်ကိုယ်စားလှယ်ကြီးများကို Request လုပ်ချင်တာကတော့ အကယ်၍ ဒီမှာမေးတဲ့ မေးခွန်းမှာမပါတဲ့ Power Point တွေကို ပြမယ်ဆိုရင် တစ်ရက်လောက်အနည်းဆုံး ကြိုတင်ပြီး ပေးမယ်ဆိုရင် ကျွန်တော့်အနေနဲ့ ဖြေရတာလည်း ပိုမိုတိကျမယ်၊ ပိုမိုမှန်ကန်မှာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ကုသရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့သော ညောင်တုန်းပြည်သူ့ဆေးရုံ (၃)ထပ် လူနာဆောင်အသစ်အား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ မည်သည့်အချိန်ကာလတွင် ပြီးစီးအောင် တည်ဆောက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအုန်းလွင်(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ညောင်တုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်တုန်း ပြည်သူ့ဆေးရုံမှာ ဆေးရုံနဲ့ လူနာကြပ်တည်းမှုကြောင့် ပေ ၁၅၀ x ၆၂ ပေ သုံးထပ်လူနာဆောင်အသစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကုသရေးဦးစီးဌာနမှ တင်ဒါအောင်စျေးနှုန်း ၆၆၈.၂၇၆ သန်းနဲ့ အောင်မြေတော်ဝင် ကုမ္ပဏီက အပ်နှံတည်ဆောက်စေခဲ့ပါတယ်။ လုပ်ငန်းစတင်တဲ့အချိန်ကတော့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့က စတင်ခဲ့ပါတယ်။ ဒါပေမဲ့ စတင်တည်ဆောက်ကတည်းကကိုက ကြပ်မတ်မှု မရှိခြင်း၊ Drawing ပုံပါအတိုင်း Frame Work ကို အတိတကျမလုပ်ဆောင်ဘဲ ကျော်လောင်းခြင်း၊ တိုင်ခြေများ အံ့လွဲချော်ခြင်း၊ Alignment မမှန်ခြင်း စသည်တို့ကြောင့် အကြိမ်ကြိမ် ပြင်ဆင်ပြီးတော့ တည်ဆောက်ခဲ့ရပါတယ်။ ကျွန်တော့်အား ပိုမိုရှင်းလင်းစေရန် Power Point အသုံးပြုခွင့်ပြုပါ ခင်ဗျား။ ဒါကတော့ လက်ရှိ ညောင်တုန်းပြည်သူ့ဆေးရုံဖြစ်ပါတယ်။ ဒါက Frame Work တွေကို သေချာမလုပ်ဘဲနဲ့ ကျော်လောင်းသွားတဲ့အတွက် အောက်မှာ Alignment တွေလွဲနေတာပါ။ ဒါက အောက်က Footing နဲ့ အပေါ်က Ground Level နဲ့ကို သေချာကျော်မလောင်းဘဲနဲ့ ဟနေတာကို မြေကြီးဖို့သွားတဲ့ပုံပါ။ ဒါက အောက်က Footing တိုင်နဲ့ အပေါ်က Structure နဲ့ လွဲနေလို့ တိုင်သံချောင်းတွေကို ကောက်ပြီးတော့ ဆက်တက်ဖို့ ကြိုးစားထားတဲ့ပုံပါ။ ဒါကတော့ တည်ဆောက်

ရေးကော်မတီကနေပြီးတော့ လာစစ်ဆေးပြီးတော့ အခုနက လွဲနေတဲ့သံချောင်းတွေကို အားဖြည့်သံချောင်းတွေထပ်ဖြည့်ပြီးတော့ တည်ဆောက်ဖို့ ပြင်ဆင်ထားတဲ့ပုံပါ။ ဒါလည်း အားဖြည့်သံချောင်းတွေဖြည့်ပြီးတော့ ပြန်လည်တည်ဆောက်ဖို့ ပြင်ဆင်ထားတဲ့ပုံပါ။ ဒါကတော့ လက်ရှိ ရပ်နေတဲ့ပုံပါ။ ဒါကတော့ ဒီလွဲနေတဲ့ဥစ္စာက အောက်ခြေ Footing မှာ နည်းနည်းလေးလွဲတာနဲ့ အပေါ်မှာ မျဉ်းဖြောင့်သဘောအရ အပေါ်မြင့်တက်လာလေ တိုင်မျဉ်းမတ်က ပိုလွဲလေဖြစ်တဲ့အတွက် သံချောင်းတွေကို ညဘက် တိတ်တဆိတ်ဖြတ်ပြီးတော့ တိုင်ကိုရွှေ့ထားတဲ့ပုံပါ။ ဒါလည်း သံချောင်းတွေကိုဖြတ်ပြီးတော့ ရွှေ့ထားတာပါ။ ဒါကတော့ နောက်ဆုံး ဒုတိယအလွှာဖြစ်တဲ့ပြဿနာပါ။ အဲဒါကတော့ ဒီသံချောင်းမူရင်း Structure မှာ 16 mm သုံးရမယ့် အာဆီသံချောင်းအစားကို 12 mm သုံးထားတဲ့သံချောင်းတွေပါ။ သံချောင်းတွေကလည်း သေးသွားတယ်။ နောက်တစ်ခုက ဈေးကွက်မှာ ပေါပေါလောလောဝယ်လို့ရတဲ့ နန်းဆွဲသံချောင်းတွေကို အသုံးပြုထားခြင်းဖြစ်ပါတယ်။ ဒါက လက်ရှိအနေအထားပါ။ လက်ရှိ ဒီအတိုင်းပဲ ရပ်နေပါတယ်။ ရပ်နေတာ လွန်ခဲ့တဲ့ ၂၀၁၈ ခုနှစ် ၅ လပိုင်းကနေစပြီး ရပ်နေတာပါ။ အခုအချိန်အထိ ဒီအတိုင်းပါပဲ။ ဒါကတော့ အရည်အသွေးစစ်ဆေးရေးအဖွဲ့ကနေပြီးတော့ လာရောက်စစ်ဆေးနေတဲ့ပုံပါ။ ဒါကတော့ တိုင်တွေကို Strength စမ်းနေတဲ့ပုံပါ။ ဒါကတော့ ဒီအရင်က ဆေးရုံတည်ဆောက်နေတဲ့နေရာမှာ သူက သားဖွားခန်းတို့၊ အမျိုးသမီးအထူးခန်းတို့ကို အခု လူနာတွေကို ခေတ္တဘေးမှာ ရွှေ့ပြောင်းထားပြီးတော့ သားဖွားခန်းတို့၊ ခွဲစိတ်ခန်းတို့ကို ရွှေ့ထားတာပါ။ အခု ဆောက်နေတဲ့နေရာက အရင် အဲဒီမှာ သားဖွားခန်းတို့၊ မီးစက်ခန်းတို့၊ ခွဲစိတ်ခန်းတို့ရှိပါတယ်။ ဒါကတော့ Corridor မှာ လူနာတွေကို ကြပ်တည်းစွာကုသနေရတဲ့ပုံပါ။ အခုနက သားဖွားခန်းတို့ ဆောက်နေတဲ့နေရာကို သားဖွားခန်း၊ မီးဖွားခန်းတွေကို၊ လူနာခန်းတွေကို ရွှေ့ထားတဲ့အတွက် လူနာတွေ ကြပ်တည်းစွာ ဆေးကုသနေရတဲ့ပုံပါ။ ဒီလူနာတွေကိုလည်း ကျွန်တော် ခွင့်တောင်းပြီးတော့မှ ဒီပုံကို မှတ်တမ်းယူထားခြင်းဖြစ်ပါတယ်။ သို့ပါ၍ ယခုအခါ ဆေးရုံအသစ်မှာလည်း မည်သည့်အချိန်မှာ ပြီးစီးမှန်းမသိ၊ လူနာများမှာလည်း မူလကပင် ကြပ်တည်းစွာ ဆေးကုသမှုခံယူနေရတဲ့အတွက် သားဖွားခန်းနဲ့ ခွဲစိတ်ခန်းမှာ ထပ်ပြီးနေရာပေးရတဲ့တွက် ကုသရေးဆေးရုံနဲ့မတူဘဲ ရောဂါပြန့်ပွားရေးဆေးရုံအဖြစ် ရောက်ရှိနေပါသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကတည်းက တည်ဆောက်နေသော ညောင်တုန်းပြည်သူ့ဆေးရုံ သုံးထပ်လူနာဆောင်အသစ်အား မည်သည့်ဘဏ္ဍာရေးနှစ်မှာ အပြီးတည်ဆောက်ပေးမည်ကို ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီးဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်၏ မေးခွန်းကို ကျွန်တော် ဖြေကြားမှာဖြစ်ပါတယ်။ ပထမဦးဆုံး ကျွန်တော့်အနေနဲ့ မေးခွန်း မဖြေခင် ကျွန်တော် တစ်ခု Request လုပ်ချင်တာကတော့ ကျွန်တော်တို့အနေနဲ့ကတော့ ဒီနှစ်မှာ

ဝန်ထမ်းအိမ်ရာနှစ်ဆိုပြီးလုပ်တဲ့အခါကျမှ လောလောဆယ် အိမ်ခန်းပေါင်း ၇၁၀၀ လုံးဆောက်နေပါတယ်။ ဒီနှစ်အတွင်းမှာပြီးမှာပါ။ ပြီးခဲ့တဲ့နှစ်တွေက အိမ်ခန်းပေါင်း ၆၁၂၀ ခု ပြီးသွားပါပြီ။ အဲဒီတော့ ဒီနေရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ ကျွန်တော် တင်ပြချင်တာကတော့ ပထမနှစ်တုန်းက ကျွန်တော် ဆောက်လုပ်ရေးကို အကုန်အပ်လိုက်ပါတယ်။ ဒီနှစ်မှာတော့ ကျွန်တော် ကိုယ်တိုင်လက်မှတ်ထိုးပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအားလုံးကို ကျွန်တော်တို့ရဲ့ ဆောက်လုပ်ရေးမှာ ငွေဘယ်လောက်ရှိတယ်။ ဘာဆောက်မယ်။ အကုန်ပေးလိုက်ပါတယ်။ အဲဒီအချိန်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ကတော့ ဖြစ်နိုင်လို့ရှိရင် ဆောက်တဲ့အခါမှာ စကတည်းက ပါဝင်ပြီးတော့ နည်းနည်းလေး ကူညီပေးစေချင်ပါတယ်။ ဆောက်ပြီးမှ အခုလိုကိစ္စမှာဆို ဆောက်လည်း တန်းလန်းဖြစ်နေပြီ။ နှစ်ဦးနှစ်ဖက်နာပါတယ်။ ကျွန်တော်တို့လည်း နာတယ်။ ဆောက်လုပ်ရေးကုမ္ပဏီကလည်း နာတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးက ကျွန်တော် သိသလောက်ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအုန်းလွင်အနေနဲ့ကလည်း အင်ဂျင်နီယာဖြစ်တယ်လို့ ကျွန်တော် သိရပါတယ်။ အဲဒီတော့ ဒီမှာဆိုရင် ဆရာ့အနေနဲ့ကတော့ ကြိုတင်ပြီးတော့ ဒါတွေကို ဧရာဝတီတိုင်းဒေသကြီးမှာ ဆောက်တဲ့ဟာတွေအကုန်လုံးဝင်ပြီးတော့ Technical Supervision လေး အကြံဉာဏ်ပေးလို့ရှိရင် ကျွန်တော်တို့ အခုဆောက်နေတဲ့ ၇၀၀၀ ကျော်က ပိုကောင်းမှာပါ။ ဒါ ဧရာဝတီတိုင်းဒေသကြီးတစ်ခုတည်းမဟုတ်ပါဘူး။ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှာ ကျွန်တော် Request လုပ်ပါတယ်။ ကျွန်တော်တို့က ဒါကို မပြီးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတာမှန်ပါတယ်။ အားလုံး ထောက်ခံပါတယ်။ လူနာတွေက Infection ကို ပိုပေးတဲ့လူနာကို ဆေးရုံလိုဖြစ်နေမယ်။ အခု ဒီဟာမပြီးတဲ့အတွက် လူနာတွေ ပြည့်ညက်သပ် အရမ်းဒုက္ခရောက်ပါတယ်။ သုံးထပ်ဆောင်ကြီးမပြီးတဲ့အတွက် အဲဒါကြောင့် ဒါကို ပထမ ကနဦး ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့က ဆက်လက်တင်ပြရမယ်ဆိုရင် ငါးမိနစ်နည်းနည်းလေးကျော်မှာ ဖြစ်တဲ့အတွက် လေးစားစွာ Request လုပ်ပါတယ်။ ဒီတိုးချဲ့သုံးထပ်ဆောင်က ပထမဆုံး ကျွန်တော်တို့က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ သန်းပေါင်း ၆၆၈ သန်းနဲ့ စာချုပ်ချုပ်ဆိုပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပထမနှစ်မှာ သန်း ၄၀၀ ခွင့်ပြုခဲ့ပြီး ပြီးစီးမှုရာခိုင်နှုန်းအရ နည်းတဲ့အတွက် သန်း ၁၀၀ ပဲ ပေးလိုက်ရတဲ့အတွက် ကုမ္ပဏီမပြီးလို့ သန်း ၃၀၀ ပြန်အပ်လိုက်ရပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ သန်း ၃၀၀ ထပ်လျာတယ်။ ပြီးစီးမှုရာခိုင်နှုန်းအရ ၂၄၃ သန်းပဲပေးတယ်။ ၆၅ သန်း ပြန်အပ်လိုက်ရပါတယ်။ အစိုးရကို ပြန်ပြီးအပ်ပါတယ်။ ဒီခြောက်လဘတ်ဂျက်မှာ ကျွန်တော်တို့ သန်း ၂၃၀ ထပ်လျာပါတယ်။ ကျွန်တော်တို့ စေတနာပါ။ ဒီဟာကို ပြီးစေချင်လို့ နှစ်တိုင်းနှစ်တိုင်း သန်း ၂၃၀ လျာပေးပါတယ်။ အဲဒီမှာလည်း အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်နေဆဲဖြစ်၍ လုပ်ငန်းဆောင်ရွက်ခြင်းမရှိတဲ့အတွက် နိုင်ငံတော်ကို တစ်ခါ ပြန်အပ်လိုက်ရပါတယ်။ ပိုက်ဆံက အဲဒီလို အခြေအနေဖြစ်သွားပါတယ်။ ဒီမှာကြည့်တဲ့အခါမှာ ကျွန်တော်တို့ တင်ဒါချုပ်ယူတဲ့ကုမ္ပဏီကတော့ တော်ဝင်အောင်မြေကုမ္ပဏီနဲ့ ကျွန်တော်တို့ စာချုပ်ချုပ်ဆိုခြင်းဖြစ်ပါတယ်။ ဒီလုပ်ငန်းကို သုံးထပ်ဆောင်မှာ ကျွန်တော်တို့က အစကတော့မသိပါဘူး။ Facebook တွေ၊ တိုင်စာတွေရောက်တဲ့အခါမှာ ဒီလိုဖြစ်တာ ပေါ်လာပါတယ်။ အဲဒီတော့ ဆောက်လုပ်ခြင်းလုပ်ငန်းဖြစ်စေရန် အရည်အသွေးပြည့်မီစွာ

ဆောက်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရက ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှာ ကျင်းပသော အစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက်အရဆိုလို့ရှိရင် (၁) တော်ဝင်အောင်မြေကုမ္ပဏီမှ Structural Drawing ၊ Archie Tech Drawing နဲ့ Manganic and Electrical Drawing များ အသစ်ရေးဆွဲတင်ပြရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရက ဆုံးဖြတ်ပါတယ်။ (၂) Restraining Procedure Report က တိုင်းဒေသကြီး တည်ဆောက်ရေးကော်မတီကို တင်ပြခိုင်းပါတယ်။ (၃) ပြန်လည်ပြုပြင်တည်ဆောက်ခြင်းအား ဒေသခံပြည်သူများမှ လက်မခံပါက ကုမ္ပဏီမှ တာဝန်ယူကာ အသစ်ဖြိုဖျက်၍ ပြန်လည်တည်ဆောက်ရန်ဆိုပြီးတော့ အစည်းအဝေးမှတ်တမ်းအရ စက်တင်ဘာလ ၇ ရက်နေ့က လုပ်ပါတယ်။

အဲဒီတော့ ယခုအခါ အစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက်အရ ညောင်တုန်းမြို့နယ် ပြည်သူ့ဆေးရုံကို တိုးချဲ့သုံးထပ်ဆောင်ဆောက်လုပ်ရေးလုပ်ငန်း အမြန်ဆုံးပြန်လည်တည်ဆောက်ဖို့အတွက် ကုမ္ပဏီ၏ ပြင်ဆင်မှုပုံစံကို ဧရာဝတီတိုင်းအစိုးရ လူမှုရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသို့ တော်ဝင်အောင်မြေကုမ္ပဏီက တင်ပြလာတဲ့အစီရင်ခံစာကို သဘောထားပြန်ပြီးညှိနှိုင်းခဲ့ရာ အောက်တိုဘာလ ၂၉ ရက်နေ့မှာ ညှိနှိုင်းခဲ့ရာ (၁) Third Party အဖွဲ့ဖြစ်သော ACEG Engineering မှ သွားရောက်စစ်ဆေးတဲ့အခါမှာ တော်ဝင်အောင်မြေကုမ္ပဏီမှ တင်ပြလာသည့်နည်းလမ်းများ၊ နည်းစနစ်များအတိုင်း ဆောင်ရွက်သတ်မှတ်သော်လည်း ကျွန်တော်တို့ Low Test ပြန်လုပ်ရမယ်။ Low Test လုပ်လို့မခိုင်ရင် ဆေးရုံပြိုမယ်ဆိုရင် ကျွန်တော်တို့ လက်မခံပါဘူး။ လူနာတွေတင်ပြီးမှ ဆေးရုံပြိုပြီး လူနာသေတယ်ဆိုရင် ကျွန်တော်တို့ ဘယ်လိုမှ ဖြေရှင်းလို့မရတဲ့ကိစ္စဖြစ်သွားပါမယ်။ အဲဒီတော့ ကျွန်တော် ပြန်ကြည့်တဲ့အခါမှာ စစ်တဲ့အခါမှာတော့ Engineering Participate က တော်တော်လိုပါတယ်။ လက်မှတ်ထိုးတာ အကုန်လုပ်ပါတယ်။ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦ အဖွဲ့ ၁၅၊ အဆောက်အဦဦးစီးဌာနသွားကြည့်တဲ့အခါမှာ လုပ်ငန်းစိစစ်ချက်အရ အဓိကအားနည်းချက်မှာ Alignment မမှန်ကန်ခြင်းဖြစ်ပါတယ်။ Ground Beam များ Alignment ကို စနစ်တကျမချိန်ထားပါဘူး။ ကျွန်တော့်မှာရှိတဲ့ ဌာနအင်ဂျင်နီယာ နဲ့ တိုင်ပင်ပါတယ်။ ဒီလို Beam မျိုးကို သူက ရွှေ့ပစ်လိုက်တာခင်ဗျာ။ အောက်ထိမြေပြင်အထိ မဆင်းဘဲနဲ့ ပထမထပ်ကနေ Beam ကိုဟိုဘက်ရွှေ့တဲ့အခါကျတော့ အဲဒီတော့ ပထမထပ် Beam မှာ အောက်မှာ Beam မှာ ဆက်မသွားတော့ဘူး။ အမှန်ကတော့ ဒီ Beam ကြီးတစ်ခုလုံးက မြေအောက်အထိ သံတွေနဲ့လုပ်မှ သာလျှင် သုံးထပ်ကိုခိုင်မယ်။ သို့မဟုတ်ရင် Slice ပထမထပ်၊ ဒုတိယထပ် Slice တွေကိုမခိုင်ရင် ပြိုကျမှာဖြစ်ပါတယ်။ အဲဒီလိုဖြစ်နေတာ သွားတွေ့ပါတယ်။

အဲဒီတော့ ဆိုလိုတာကတော့ လုပ်ငန်းခွင်ကြီးကြပ်မှုအားနည်းခြင်း၊ နည်းစနစ်ကျွမ်းကျင်သော လုပ်သားများ မသုံးခြင်း၊ QA ၊ QC Team များဖြင့် လုပ်ငန်းစဉ်အတိုင်း စိစစ်ပြီးမှ ဆက်လက်ဆောင်ရွက်မှုမရှိစေခြင်း၊ QA ၊ QC သီးသန့်အဖွဲ့ စစ်ဆေးစမ်းသပ်မှုများမရှိခြင်းတို့ တွေ့ရပါတယ်။ အဲဒီတော့ အကြံပြုချက်တွေကတော့ ကျွန်တော် မဖတ်တော့ပါဘူး။ အကြံပြုချက်တွေလည်း အများကြီးပေးပါတယ်။ ဒီမှာ တစ်ခုပဲ တင်ပြချင်တာက ဆက်ပြီး စစ်ဆေးတွေ့ရှိချက်က ဒီမှာ AHC 4 တိုင်သည်

Foundation မပါဘဲ Plinth Beam အပေါ်မှ ဖြတ်၍ရွှေ့ထားပါသည်။ ဒါကြီးက အန္တရာယ်ကြီးပါ။ အဲဒီဟာ သာမရှိရင် အကုန် Slice ကြီးပါ အောက်ပြိုကျရင် လူနာသေဖို့ Chance များပါတယ်။ အဲဒီတော့ ဒါတွေတော့ ကျွန်တော်ထင်တာ ကုမ္ပဏီကတော့ ပြန်လုပ်မှာဖြစ်ပါတယ်။ ပြန်လုပ်သော်ငြားလည်း၊ အခုနက ကုမ္ပဏီက ပြင်သော်ငြားလည်း Low Test မအောင်လို့ရှိရင်တော့ ကျွန်တော်တို့ ထပ်ပြီး ခုတင်တွေဖြည့်ရမယ်။ ထပ်ပြီး လူနာတွေ Weight ရှိတယ်။ ပစ္စည်းကိရိယာ Weight ရှိတယ်။ ဒါ ပြိုကျနိုင်တဲ့အခြေအနေရှိပါတယ်။ အဲဒီတော့ ဒါတွေကတော့ ဒီနှစ် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် ရက်စွဲဖြင့် တိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ပုသိမ်မြို့ကို တင်ပြထားပါတယ်။ အဲဒီတော့ ပြန်လည်ဆောက်လုပ်ရေးလုပ်ငန်းတွေကိုတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ အမြန်ဆုံးပြီးအောင် တိုင်းဒေသကြီးအစိုးရရယ်၊ အင်ဂျင်နီယာတွေရယ်၊ QA ၊ QC Team ရယ်၊ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွေ အားလုံး ဒါကို အမြန်ဆုံးပြီးအောင်တော့ ကျွန်တော် လုပ်မှာပါ။ အခိုင်မာဆုံးဖြစ်အောင်တော့ အဖြစ်နိုင်ဆုံးလုပ်မယ်။ လုပ်တဲ့အခါမှာ တစ်ခုပဲ ကျွန်တော်တို့က ကျန်းမာရေးဝန်ကြီးဌာနဖြစ်တဲ့အတွက် Engineering Participating ကတော့ အခုနက ပြောတဲ့ QA ၊ QC Team ရယ်၊ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုယ်တိုင်ရယ် ပါဝင်ပြီးတော့ ပံ့ပိုးပေးမယ်ဆိုလို့ရှိရင် ဒါ မဖြစ်နိုင်စရာအကြောင်းမရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**လှိုင်လင်ခရိုင် အထွေထွေရောဂါကု ခုတင် ၂၀၀ ဆံ့ဆေးရုံကြီးတွင် မေ့ဆေးဆရာဝန်ကြီးများ အလျင်အမြန် ခန့်အပ်တာဝန်ပေးရန်နှင့် သူနာပြုဆရာမများအတွက် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လှိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လှိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ လှိုင်လင်ဒေသမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားမိဘပြည်သူများနဲ့တွေ့ဆုံပြီး တိုင်းရင်းသားမိဘပြည်သူများရဲ့ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်ကိစ္စရပ်များကို ပြည်သူ့လွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းဆောင်ရွက်လျက်ရှိကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ယခုလည်း တိုင်းရင်းသားမိဘပြည်သူများရဲ့ လိုအပ်တဲ့ ကျန်းမာရေးကိစ္စရပ်များကို တင်ပြလာပါသဖြင့် လှိုင်လင်ခရိုင်၊ လှိုင်လင်မြို့ အထွေထွေရောဂါကု ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေကြသည့် မိဘပြည်သူများမှာ ခွဲစိတ်ကုခမှုခံယူရန် လိုအပ်သောလူနာများမှ မေ့ဆေးအထူးကုဆရာဝန်ကြီးများ ပြောင်းရွှေ့လစ်လပ်သွားပါသဖြင့် ခွဲစိတ်ရန်လိုအပ်သောလူနာများကို တောင်ကြီးမြို့

စဝ်စံထွန်းဆေးရုံသို့ သွားရောက်ခွဲစိတ်ကုသမှုကို ခံယူနေရပါသဖြင့် လူနာများမှာ အခက်အခဲနဲ့ ကြုံတွေ့နေရပါသောကြောင့် မေ့ဆေးဆရာဝန်ကြီးများ အလျင်အမြန်ခန့်အပ်၊ တာဝန်ပေးအပ်ပါရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြပေးပါရန် တင်ပြလာပါတယ်။ ထပ်မံတင်ပြသည်မှာ လွိုင်လင်မြို့ အထွေထွေရောဂါကု ခုတင် ၂၀၀ ဆံ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော သူနာပြုဆရာမများ အတွက် ဝန်ထမ်းအိမ်ရာများလည်း လိုအပ်နေကြောင်း တင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနသို့ အောက်ပြ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင် အထွေထွေရောဂါကု ခုတင် ၂၀၀ ဆံ့ဆေးရုံကြီးတွင် မေးဆေးအထူးကုဆရာဝန်ကြီးများ အလျင်အမြန် ခန့်အပ်၊ တာဝန်ပေးရန်အစီအစဉ်ရှိ/မရှိ သိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ခန့်အပ်၊ တာဝန်ပေးပါမည်နည်း။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်အထွေထွေရောဂါကု ခုတင် ၂၀၀ ဆံ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သူနာပြုဆရာမများ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးမည့် အစီအစဉ်ရှိ/မရှိသိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးပါမည်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီရဲ့ မေးခွန်းဖြစ်တဲ့ လွိုင်လင်ခရိုင် ခုတင် ၂၀၀ ဆံ့ဆေးရုံမှာ မေ့ဆေးဆရာဝန်ကြီးနဲ့ သူနာပြုဆရာမများအတွက် ဝန်ထမ်းအိမ်ရာအစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်ပြီး ကျွန်တော်က ဖြေကြားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ လွိုင်လင်ပြည်သူ့ဆေးရုံကြီးသို့ အထူးကု မေ့ဆေးဆရာဝန်တစ်ဦးကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ၂၀၁၈ ရက်နေ့၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ စာအမှတ်၊ ၃မက(က)၂၀၁၈ ၂-၂၂၁ ဖြင့်ခန့်အပ်ထားပြီးပါတယ်။ ဇန်နဝါရီလ ၁၄ ရက်နေ့ကစပြီးတော့ လွိုင်လင်ပြည်သူ့ဆေးရုံမှာ စတင်ပြီးတာဝန်ထမ်းဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သူနာပြုများအနေနဲ့ လွိုင်လင်အထွေထွေရောဂါကု ခုတင် ၂၀၀ ဆံ့ဆေးရုံမှာ ယခုအခါ လေးခန်းတွဲသုံးထပ်ဝန်ထမ်းအိမ်ရာတစ်လုံးကို စီမံကိန်းတန်ဖိုး ကျပ်သန်း ၃၀၀ ဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းစရိတ်ဖြင့် ဆောင်ရွက်ရန်ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ထို့အပြင် ဒီလွိုင်လင်ဆေးရုံကြီးရဲ့ မြေနေရာအခြေအနေ၊ သူနာပြုဆရာမများ ဝန်ထမ်းလိုအပ်မှုအခြေအနေအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဝန်ထမ်းဦးရေ ၆၄ ဦး နေထိုင်သော လေးခန်းတွဲလေးထပ် အပျိုဆောင် အဆောက်အဦ ထပ်ဆောက်ဖို့လည်း ကျွန်တော်တို့ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ လွိုင်လင်ဆေးရုံကြီးဟာ ကုတင် ၂၀၀ ဆံ့ဖြစ်တဲ့အတွက် ဝန်ထမ်းအင်အား စုစုပေါင်း ၅၉၄ ဦး ရှိပါတယ်။ လောလောဆယ် ကျွန်တော်တို့ ၁၉၈ ဦးပဲ ခန့်ထားနိုင်ခြင်း ဖြစ်ပါတယ်။ အိမ်လိုတဲ့

ဝန်ထမ်းက ၁၀၆ ဦးဖြစ်ပါတယ်။ ဒီကိစ္စကိုလည်း ကျွန်တော်တို့သိတဲ့အတွက် ထပ်ပြီးတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာလည်း တင်ပြမှာဖြစ်ပါတယ်။ အခုနတင်ပြတဲ့အတိုင်းပဲ ကျွန်တော်တို့အနေနဲ့ ဒီအစိုးရတက်လာတဲ့အခါမှာ ဝန်ထမ်းအခန်းပေါင်း ၆၁၂၁ ခန်းပြီးသွားပါပြီ။ ဒါတောင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမပါသေးဘူး။ ကုသရေးဦးစီးဌာနဖြစ်ပါတယ်။ အခု ဒီဘတ်ဂျက်မှာဆောက်နေတဲ့ အခန်းပေါင်း ၇၁၀၁ ခန်း ပြီးပါမယ်။ ဒါတွေအားလုံးပြီးလို့ရှိရင်တော့ ဒီဟာတွေ တော်တော်လေး ဖူလုံမှာဖြစ်ပါတယ်။ ဒီကိစ္စမှာတော့ ဆက်လက်ပြီးတော့လည်း လာမည့်နှစ်မှာ ဝန်ထမ်းအိမ်ရာတွေ လုပ်ပြီးတော့ ဝန်ထမ်းအိမ်ရာအတွက်ကို ပိုက်ဆံပိုချမှာပါ။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာဆိုရင် ဝန်ထမ်းအိမ်ရာဆောက်လုပ်ဖို့ရေးအတွက်ကိုတော့ ၁၆၀.၈၂၅ ဘီလီယံပေးပါတယ်။ ဝန်ထမ်းအိမ်ရာ သက်သက်ကြီးပဲ ကျွန်တော်တို့ဖယ်ထားတာပါ။ ဆေးရုံအဆောက်အဦနဲ့ အားကစားကွင်းကိုဆိုရင်လည်း ၁၁၅ ဘီလီယံလောက် ကျွန်တော်တို့ဖယ်ထားပါတယ်။ လာမည့်နှစ်မှာလည်း ဒါထက်မနည်း သောပမာဏကို ဝန်ထမ်းအိမ်ရာအတွက်ကိုဆောက်ဖို့ တင်ပြအပ်ပါတယ်။ ဒီနေရာမှာ ခုနပြောတဲ့ မေ့ဆေးဆရာဝန်တွေဆိုတာက မေ့ဆေး Post Graduates ရပါသည်။ MSc, NSc ရသော်ငြားလည်း ချက်ချင်းပို့လို့မရပါဘူး။ သူတို့တက်နေတဲ့ဆေးရုံကြီးမှာ experience ရအောင် တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်။ မေ့ဆေးကတော့ အရမ်းလိုတဲ့အတွက်ကြောင့် တစ်နှစ်ကျော်ကျော်လောက် မှာကို ပြန်ထုတ်ပြီးတော့ အဲလိုပေးခြင်းဖြစ်ပါတယ်။ တချို့မှာတော့ နှစ်နှစ်၊ သုံးနှစ်လောက်နေပါတယ်။ Auto ဆိုလို့ရှိရင် နှစ်နှစ်၊ သုံးနှစ်လောက်နေမှ တကယ့်ကို အရိုးနဲ့ပတ်သက်တဲ့ ခွဲစိတ်တာဖြစ်တဲ့ အတွက် ပြန်ရွှေ့ပါတယ်။ ချက်ချင်းအောင်သော်ငြားလည်း မရဘူး။ အခုနပြောသလို လာမည့်နှစ်မှာ အများကြီးပိုခေါ်ပါမယ်။ အထူးသဖြင့် မေ့ဆေးမှာ အရမ်းလိုပါတယ်။ ခွဲစိတ်တွေလိုတယ်။ ဒါတွေ ကျွန်တော်တို့နားလည်ပါတယ်။ နောက် (radiolo gy)ဓာတ်မှန်တွေလိုတယ်။ ဒါတွေကို ကျွန်တော်တို့က ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးတွေနဲ့ အခုဆွေးနွေးနေပါတယ်။ လာမည့်နှစ်မှာ အများကြီးခေါ်မယ်။ သို့မှသာလျှင် အခုလို လစ်လပ်တဲ့ဆရာဝန်တွေမှာ ကျွန်တော်တို့ ဖြည့်နိုင်မည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဆေးဝါးတက္ကသိုလ်များမှ ဘွဲ့ရရှိသူဦးရေ၊ အစိုးရဌာန ပုဂ္ဂလိကလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေမှု အခြေအနေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ လူ့ကျန်းမာရေးကို အများဆုံးဒုက္ခပေးနေကြတဲ့ ရောဂါတွေကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO၊ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ OIE တို့ကနေပြီးတော့ ကျွန်တော်တို့ ရောဂါကြီးသုံးမျိုးသတ်မှတ်ထားပါတယ်။ အဲဒါတွေက တိရစ္ဆာန်တုပ်ကွေးရောဂါ၊ ကြက်၊ ငှက်တုပ်ကွေးလိုရောဂါမျိုးတွေပေါ့၊ နောက် ခွေးရူး

ရောဂါပါ။ နောက်ရောဂါတစ်မျိုးကတော့ NT မိုက်တီးရီးယား Resistance လို့ခေါ်တဲ့ အနုဇီဝပိုးတွေဟာ ပတိဇီဝဆေးကို ယဉ်ပါးသွားတဲ့ရောဂါပါ။ အဲဒီတော့ ဒီ AMR လို့ခေါ်တဲ့ Antimicrobial resistance ပဋိဇီဝဆေးတွေကို ဘာလို့ယဉ်ပါးသွားရတာလည်းဆိုတော့ ပဋိဇီဝဆေးတွေကို မမှန်မကန်သုံးစွဲကြလို့ပါ။ ဘာမီတွန်တို့ ပါရာဆီတမော့တို့လိုမျိုး လွယ်လွယ်ကူကူဝယ်လို့ရတဲ့ ဆေးတွေအတိုင်းပဲ ကျွန်တော်တို့ ပဋိဇီဝဆေးတွေကို အပြင်မှာလွယ်လွယ်ကူကူရနေတာ ဖြစ်ပါတယ်။ ကွမ်းယာဆိုင်တွေမှာ စပ်ဆေးဆိုပြီးတော့လည်း ရောင်းချနေကြပါသေးတယ်။ အဲဒီဆေးတွေကို ဝယ်ယူသောက်သုံးတဲ့အခါမှာ မှန်မှန်ကန်ကန်မသုံးစွဲဘူး၊ သောက်သုံးရမယ့် အချိန်ကာလ အပြည့်မသုံးစွဲတဲ့အတွက် ကျွန်တော်တို့ ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာတွေ ပေါ်လာရပါတယ်။ အဲ့သလိုပဲ ပဋိဇီဝဆေးတွေကို အလွန်အကျွံသုံးစွဲမှုကြောင့် မွေးမြူရေးလုပ်ငန်းတချို့တွေမှာလည်း အသား၊ ငါး၊ နို့၊ ဥ စတာတွေအထိ ဆေးကြွင်းတွေ ပါနေတာဖြစ်ပါတယ်။

အဲဒီတော့ ဒီဆေးယဉ်ပါးရောဂါပိုးတွေဟာ ဖြစ်ပေါ်လာမယ်ဆိုရင် အင်မတန်မှစိုးရိမ်စရာကောင်းပါတယ်။ ဒါကြောင့် ပဋိဇီဝဆေးတွေကို စနစ်တကျမှန်မှန်ကန်ကန်သုံးဖို့က ကျန်းမာရေးလောကရဲ့စိန်ခေါ်နေတဲ့ ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ အဲဒီတော့ ဆေးဝါးတွေကို စနစ်တကျထုတ်လုပ်ရောင်းချဖို့အတွက် လူဆေးကုတဲ့ဆရာဝန်တွေ၊ တိရစ္ဆာန်ဆေးကုတဲ့ဆရာဝန်တွေနဲ့ ဆေးဝါးကျွမ်းကျင်သူတွေ အထူးလိုအပ်ပါတယ်။ အဲဒီတော့ ဆေးဝါးကျွမ်းကျင်သူတွေမှာ ဆေးဝါးတက္ကသိုလ်ဆိုတာ ကျွန်တော်တို့ ဖွင့်လှစ်ထားတာရှိပါတယ်။ အဲဒီဆေးဝါးတက္ကသိုလ်ကိုတက်ခွင့်ရဖို့ အမှတ်ဆိုတာကလည်း အင်မတန်မြင့်ပါတယ်။ ဆရာဝန်လိုင်း မမီတဲ့လူတွေ၊ အမှတ်နည်းနည်းလေး နည်းသွားတဲ့လူတွေဟာ ဆေးဝါးတက္ကသိုလ်ကိုတက်ကြရတာ ဖြစ်ပါတယ်။ ကျွမ်းကျင်သူတွေမှာ လူဦးရေအကန့်အသတ်အရခေါ်တဲ့ကိစ္စရပ်တွေမှာဆိုရင်လည်းပဲ ကျွန်တော်တို့ မိန်းကလေးတွေဟာ အမှတ်များပေမဲ့ ဆရာဝန်လိုင်းကိုတက်ခွင့်မရဘဲနဲ့ ဆေးဝါးတက္ကသိုလ်ကိုရောက်သွားတာတွေလည်းများပါတယ်။ ဒါကြောင့် ဆေးဝါးတက္ကသိုလ်မှဆင်းလာတဲ့ ဆေးဝါးတက္ကသိုလ်ဘွဲ့ရတဲ့သူတွေကို အစိုးရဌာနတွေ၊ ပုဂ္ဂလိကဌာနတွေ၊ ဆေးရုံဆေးခန်းတွေမှာ ဘယ်လိုလုပ်ကိုင်ဆောင်ရွက်နေပါသလဲ။ သူတို့အတွက် ဘယ်လိုများစီမံဆောင်ရွက်ပေးထားပါသလဲဆိုတာ သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ရှိသေလေးစားစွာမေးမြန်းအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးရဲ့ မေးခွန်းကို ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ပထမဆုံးတစ်ခုအနေနဲ့တင်ပြချင်တာကတော့ ဒေါက်တာသန်းအောင်စိုးပေးလိုက်တဲ့ လွှတ်တော်ကနေပေးလိုက်တဲ့မေးခွန်းကတော့ တိုတိုလေးပဲဖြစ်ပါတယ်။ ဒီမှာ သူရှင်းပြတာတွေကတော့ အများကြီးပါပဲ။ ဒါတွေကတော့ ကျွန်တော်တစ်ခါတည်းတန်းပြီး ဖြေမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမှာပြောမယ့်

**မူကြမ်း**

မေးခွန်းကို အတိအကျရမယ်ဆိုရင် ကျွန်တော်တို့ ပိုပြီးတော့စစ်မှန်တိကျအောင် ဖြေလို့ရပါတယ်ခင်ဗျား။ တစ်ချက်ကတော့ ဒါကိုမဖြေခင် ဆရာသန်းအောင်စိုးပြောတာမှန်ပါတယ်။ ဒီဆေးတွေကြောင့် ကျွန်တော်တို့နိုင်ငံမှာ ဒုက္ခရောက်နေတယ် Antibiotics resistance ဖြစ်နေတယ်။ အထူးသဖြင့် စပ်ဆေးတွေ အလွန်အန္တရာယ်ရှိတဲ့အတွက် ဒီစပ်ဆေးနှင့်ပတ်သက်ပြီး Facebook မှာတင်တယ်။ ပြီးရင် Website မှာတင်ပါတယ်။ ငါးရက်တစ်ပတ်လောက်အတွင်းမှာပဲ ဒီကျွန်တော်တို့ စပ်ဆေးတင်တဲ့ Facebook ကိုကြည့်တဲ့လူပေါင်းက ၄၀၇၀၀၀ ကျော်ဖြစ်သွားပါပြီ။ ဒါစပ်ဆေးရဲ့အရေးကြီးတာ။ ဒါကျွန်တော် ကျေးဇူးလည်းအများကြီးတင်ပါတယ်။ Facebook ရဲ့အကျိုးကျေးဇူးတစ်ခုပေါ့။ အလားတူပဲ ကျွန်တော်တို့ဟာ မိခင်ရဲ့နို့ဦးရေဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတဲ့အချက်တွေကို တင်ပါတယ်။ ၂၀၀၀၀၀ ကျော်လောက်ကြီးပါတယ်။

အလားတူလေဖြတ် တင်လိုက်ပါတယ်။ ၂၀၀၀၀၀ ကျော်ကြီးပါတယ်။ ဒါတွေကို ကျွန်တော်တို့ တစ်ခုပြီးတစ်ခုဆက်တင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ Website မှာလည်း အကုန်ရှိပါ တယ်။ ကျွန်တော်တို့ Website ကိုတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဝင်ကြည့်စေချင်ပါတယ်။ Website ဟာတော်တော်လေး Up to Date ဖြစ်ပါတယ်။ အချိန်တော်တိုင့်တစ်ပြေးညီ Up to Date ဖြစ်တယ်။ လုပ်ငန်းတွေဘာတွေလုပ်တယ်ဆိုတာရှိတယ်။ ဒီမှာလည်းကြည့်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဝေဖန်နိုင်ပါတယ်။ အကြံပြုနိုင်ပါတယ်။ ဒါကို Welcome လုပ်ပါတယ်။ ဒါမှ ကျွန်တော်တို့နိုင်ငံရဲ့ ကျန်းမာရေးဟာ အကုန်နဲ့သက်ဆိုင်နေတယ်ဆိုတာကို သိသွားရင် ကျွန်တော်တို့ လုပ်ရတာလည်း တော်တော်အားရှိပါတယ်။ ဒါပထမဆုံးဖြေကြားခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးဝါးတက္ကသိုလ်မှထုတ်ပြီးတဲ့ B Farm ပွဲဦးအရဆိုရင် ကျွန်တော်တို့ ရန်ကုန်ဆေးဝါးတက္ကသိုလ်ပေါ့။ အရင်တုန်းကတော့ ဆေးဝါးတက္ကသိုလ်လို့ မခေါ်ပါဘူး။ နောက်ပိုင်းမှာ ဆေးဝါးတက္ကသိုလ်အဖြစ် ခေါ်ပါတယ်။ ၁၉၉၀-၂၀၁၈ ခုနှစ်အထိ ထုတ်ပြီးတဲ့လူပေါင်း ၂၃၅၃ ဦးရှိပါတယ်။ အလားတူဟာ ဆေးဝါးတက္ကသိုလ် မန္တလေးတိုင်းဒေသကြီးဟာ ၂၀၀၀ ခုနှစ်မှာ ဖွဲ့ပြီးတော့၊ ၂၀၀၀ ကနေ ၂၀၁၈ ခုနှစ်အတွက်ကို ၁၁၄၂၅ ဦးထုတ်ပြီးပြီဖြစ်ပါတယ်။ ဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ စုစုပေါင်းထုတ်ပြီးတဲ့ ဆေးဝါး B Farm ဘွဲ့ရလူဟာ ၃၇၇၈ ဦးရှိပါတယ်။ အဲဒီတော့ ပြည်တွင်းဆေးဝါးမဟာသိပ္ပံ Master Level အလိုက် ၁၂၈ ဦးနှင့် ပြည်တွင်းဆေးဝါးပါရဂူ ဘွဲ့ ၁၃ ဦးမွေးထုတ်ပြီးဖြစ်ပါတယ်။ ပြည်ပတက္ကသိုလ် များအနေနဲ့ ကျွန်တော်တို့မှာ လုပ်နေတာကတော့ ဆေးဝါးမဟာသိပ္ပံဘွဲ့ရတစ်ဦးနှင့် ပါရဂူဘွဲ့ရတော့ သုံးဦးရှိပါတယ်။ အခုလောလောဆယ်မှာဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်တွင်းမှာ မဟာဗျူဟာ သိပ္ပံဆေးဝါးတက်မည့်လူ ၆၄ ဦးရှိပါတယ်။ ပြည်တွင်းမှာပဲ ပါရဂူတက်နေတဲ့သူ ၉ ဦးရှိပါတယ်။

အလားတူစွာ ကျွန်တော့်အနေနဲ့ ပြည်ပကိုလွှတ်ထားပါတယ်။ မဟာသိပ္ပံတက်နေတဲ့လူ ၉ ဦးရှိပါတယ်။ ပြည်ပမှာ ပါရဂူဘွဲ့တက်နေတဲ့သူ ၁၆ ဦးနဲ့ လွှတ်ထားပါတယ်။ သူတို့တွေပြန်လာလို့ရှိရင် ပိုပြီးအားတောင့်မှာဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ အခွင့်အလမ်းများ အနေနဲ့ကတော့ ဒီဆေးဝါးသိပ္ပံဘွဲ့ရပြီးလို့ရှိရင် နိုင်ငံ့ဝန်ထမ်းအနေနဲ့ ကျွန်တော်တို့ ဒီလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန FDA မှာ ကျွန်တော်တို့က ခန့်ပါ

တယ်။ နောက်ဆေးဝါးထုတ်လုပ်မှုစက်ရုံ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံတွေမှာ ခန့်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးစက်ရုံတွေမှာခန့်ပါတယ်။ ဒါအစိုးရအနေနဲ့ခန့်တာပါ။ လွတ်တော်ကိုယ်စားလှယ်ကြီးသိချင်တဲ့ ပုဂ္ဂလိကကဏ္ဍအနေနဲ့ဆိုလို့ရှိရင်တော့ ဆေးဝါးစက်ရုံတွေ ထုတ်လုပ်မှုအပိုင်း၊ အရည်အသွေးစစ်ဆေးမှုအပိုင်းကို ဒီမှာခန့်ပါတယ်။ ဒီခန့်တဲ့အခါမှာ ပြည်တွင်းထုတ်လုပ်တာမကပါဘူး။ ပြည်ပကလာဖွင့်ပြီး ထုတ်နေတဲ့နိုင်ငံခြား ဆေးကုမ္ပဏီတွေရှိပါတယ်။ Industrial ဒီမှာလည်း သူတို့ကခန့်ပါတယ်။ ဆေးဝါးရောင်းချနေတဲ့ ဆိုင်ကြီးတွေမှာလည်း အထူးသဖြင့် ထိန်းချုပ်ဆေးဝါးရောင်းချတဲ့ဆေးဆိုင်တွေမှာ ခန့်ပေးပါတယ်။ သူတို့အလုပ်လုပ်ကြပါတယ်။ ပုဂ္ဂလိက ဆေးရုံကြီးများမှာရှိတဲ့ ဆေးဆိုင်မှာလည်း သူတို့ဝင်လုပ်နေတာ အများကြီးရှိပါတယ်။ ဆေးဝါးတင်သွင်း ခြင်းလုပ်ငန်းကို လုပ်နေတဲ့ကုမ္ပဏီမှာလည်း အများကြီးရှိပါတယ်။ မက်တီကယ်အနေနဲ့ လုပ်တဲ့သူတွေကလည်း အများကြီးခန့်အပ်လေ့ရှိပါတယ်။ ဆိုလိုတာကတော့ B Pharm မရတဲ့လူတစ်ယောက်သည် အလုပ်အနေနဲ့ကတော့ မခြားဘူးသဘောဆိုတာကို ပြပါတယ်။ ဘာလို့လဲဆိုတော့ အခုခေတ်မှာက ဆေးကုမ္ပဏီတွေထုတ်တဲ့ Industrial တွေက ဒီမှာလာထုတ်တဲ့အခါမှာ သူတို့ရဲ့လိုအပ်ချက်က အရမ်း များလာပါတယ်။ သူတို့အနေနဲ့ အခွင့်အလမ်းကောင်းတွေ အများကြီးရှိပါတယ်။

နောက်တစ်ခုက ဆေးဝါးတက္ကသိုလ်ကဘွဲ့ရရှိသူများကိုလည်း ကျွန်တော်တို့အစားအသောက် FDA မှာဆိုလို့ရှိရင် ဆေးဘက်ကျွမ်းကျင်(၂) ဆေးဝါးရယ်၊ ဆေးဝါးစစ်ဆေးရေးမှူးများ ဝင်ရောက်တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ငါးနှစ်ပြီးလို့ရှိရင်တော့ ဖွဲ့စည်းပုံအရ လစ်လပ်တဲ့ဦးစီးအရေအတွက်ပေါ်မူတည်ပြီး ကျွန်တော်တို့ ရာထူးတိုးမြှင့်ခန့်ထားပေးခြင်း ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ခုတင်ပြချင်တာက ဒါတွေကတော့ ပါရမီမက်တီကယ်စတက်လို့ ခေါ်ပါတယ်။ ဆေးဝါးရှိပါတယ်။ ဓာတ်မှန်ကျွမ်းကျင်တွေရှိပါတယ်။ သူတို့ကိုတော့ ကျွန်တော့်အနေနဲ့က အလုပ်ဝင်အောင်ဆွဲဆောင်တဲ့အနေနဲ့ သူတို့ကို အရာရှိစကေး ၄၇၆ ယောက်နဲ့ လက်ထောက်ညွှန်ကြားရေးမှူး ၁၁၄ ယောက်ကို ကျွန်တော်တို့တင်ထားပါတယ်။ ဒီဖွဲ့စည်းပုံစိစစ်ရေးကို ကျွန်တော်ကလည်း ကိုယ်တိုင်ဝန်ကြီး ဦးစိုးဝင်းကို စာရေးပါတယ်။ Personal Letter ရေးပြီး ဒီဟာတွေကို အမြန်ခန့်အပ်ဖို့ ကျွန်တော်တို့ကို လုပ်ပေးပါလို့ လွန်ခဲ့တဲ့အပတ်ကပဲ ကျွန်တော်စာရေးပါတယ်။ ဒါတွေကိုရမယ်ဆိုရင် အစိုးရဝင်တဲ့ B Pharm လူတွေက အရမ်းများလာမယ်။ သူတို့မှာ တက်လမ်းရှိမှပဲဝင်မယ်။ သူတို့ဘက်က ကျွန်တော်ရှိလို့ရှိရင် အခုဆို အရာရှိစကေးက ၄၇၆ ယောက်၊ လက်ထောက်ညွှန်ကြားရေးမှူး ၁၁၄ ယောက်ရှိပါတယ်။ ဝင်ပြီးတဲ့အခါကျမှ အရည်အချင်းနဲ့လုပ်ငန်း အတွေ့အကြုံရှိပြီး ထူးချွန်တဲ့ပညာရှင်ဆိုရင်တော့ အရာရှိစကေး၊ လက်ထောက်ညွှန်ကြားရေးမှူးရှိတဲ့ Postern တွေမှာ အကုန်ခန့်ပါတယ်။ ခန့်တဲ့အခါမှာလည်း အထူးသဖြင့် FDA မှာရှိတဲ့ဟာမှာလည်း အများကြီးခန့်ပါတယ်။ နောက် ဆေးဝါးတက္ကသိုလ် (ရန်ကုန်)နဲ့မန္တလေးမှာရှိတဲ့ ဆေးဝါးဖော်စပ်ရေးဌာန၊ ဆေးဝါးဗေဒဌာန၊ ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒဌာန၊ ပရဆေးဗေဒမှာလည်း ဆေးဝါးတက္ကသိုလ်မှာလုပ်နေတဲ့ သရုပ်ပြဆရာတွေ၊ ပါမောက္ခဌာနမှူးထိ လုပ်နေတဲ့အထိ အလုပ်ရှိပါတယ်။ လက်ရှိအခြေအနေမှာတော့ ဆေးဝါးတက္ကသိုလ်(ရန်ကုန်)နဲ့မန္တလေးမှာ ဆေးဝါးသိပ္ပံဘွဲ့ရ B Pharm ရရှိပြီးသူ ၁၀၈

ဦး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ဌာနအနေနဲ့ဆိုတော့ ကျွန်တော့်အနေနဲ့ကတော့ အားလုံးပေါင်း လက်ထောက်ညွှန်ကြားရေးမှူးလုပ်နေတဲ့သူ ၂၄ ဦးရှိပါတယ်။ လုပ်ငန်းအရာရှိနဲ့လုပ်တဲ့သူ ၁၁၉ ဦး လုပ်နေပါတယ်။ ကျမ်းကျင်(၂)ဆေးဝါးနဲ့လုပ်တဲ့သူ ၄၁၃ ဦးလုပ်ပါတယ်။ စုစုပေါင်း အောင်တဲ့သူ ၅၅၆ ဦးနဲ့ ပါမောက္ခ Associate Professor အထိ ခန့်ထားပြီးလုပ်နေခြင်းဖြစ်ပါတယ်။ ကုသရေးဦးစီးဌာန မှာရှိတဲ့ ပြည်သူ့ဆေးရုံနဲ့ FDA တို့မှာလည်း တာဝန်ထမ်းဆောင်နေတဲ့ ဆေးဘက်ကျွမ်းကျင်(၂) လစာနှုန်း ၂၁၆၀၀၀ နဲ့ ၂၂၆၀၀၀ ကို နှစ်စဉ်ခေါ်ယူလျက်ရှိပါတယ်။ ဒီမှာ ပြဿနာအနည်းငယ်ရှိပါ တယ်။ ပြဿနာအနည်းငယ်ရှိတယ်ဆိုတာက ကျွန်တော်တို့ ခေါ်သော်ငြားလည်း သူတို့လာ မလျှောက်ပါဘူး။ ဥပမာပြောမယ်ဆိုရင် ၂၀၁၈ ခုနှစ်က ကျွန်တော်တို့ ကုသရေးဦးစီးဌာနက ၁၄၂ ဦး သတင်းစာထဲ ထည့်ပြီးခေါ်ဖို့ကြေညာပါတယ်။ နှစ်ဦးပဲ လာလျှောက်ပါတယ်။ အလားတူစွာ FDAက ၁၅၀ လိုတယ်။ ၂၇ ဦးပဲလာလျှောက်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က အခုဘယ်လိုလုပ်လိုက် ရသလဲဆိုတော့ ဒီဟာတွေမလာဘူးဆိုရင် သူတို့ကိုလုပ်လို့ရအောင် ကျွန်တော်က MSC Chemistry, MSC Industry Chemistry လူတွေပါ ကျွန်တော်တို့ လျှောက်လွှာကိုပြီးခဲ့တဲ့ ကြေးမုံသတင်းစာမှာ ပါပါတယ်။ ကျွန်တော်တို့ခေါ်ထားပါတယ်။ ဒါမှ ကျွန်တော်တို့ လုပ်ငန်လည်ပတ်မှုဟာ ပိုပြီးတော့ ကောင်းမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီကိစ္စမှာ ကျွန်တော့်အနေနဲ့ အရေးလည်းကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ဒီ ကျွန်တော်တို့ အနေနဲ့ ဒီဘွဲ့ကိုတပ်မယ်ဆိုရင် ဆေးဝါးတက္ကသိုလ်မှာ Basher တပ်မယ်ဆိုရင် သူတို့မှာ လျှောက်လွှာ မှာပါပါတယ်။ ကျွန်တော် ကျွန်မသည် သင်တန်းပြီးဆုံးအောင်သင်ကြားပါမည်။ ထို့ပြင် ဘွဲ့ရရှိပြီးနောက် နိုင်ငံတော်မှ လိုအပ်သည့်အချိန်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ် သုံးနှစ်ကြာမပျက်မကွက် တာဝန်ထမ်းဆောင်ပါမည်ဟု ကတိထုတ်ထားတဲ့စာချုပ်ရှိပါတယ်။ အကယ်၍ စာချုပ်အတိုင်း မလိုက်နာမယ်ဆိုရင်တော့ ကျပ်ငွေလေးသိန်းလျော်ရမှာပါ။ ကျွန်တော်တို့အနေနဲ့ကတော့ ကျပ်ငွေ လေးသိန်းလည်းမလိုချင်ပါဘူး။ သူတို့အလုပ်ဝင်ရင်ကျေနပ်ပါတယ်။ အလုပ်ဝင်တယ်ဆိုတာ တစ်သက်လုံးကိုပြောတာ မဟုတ်ပါဘူး။ ကျွန်တော်တို့နှစ်အတိုင်းအတာတစ်ခုတင်ပြီးတော့ သူတို့နိုင်ငံ ကို Service ပေးရင်တော့ ကျွန်တော်တို့အများကြီးအကျိုးရှိမှာပါ။ နှစ်ဦးနှစ်ဖက်လည်း အကျိုးရှိပါ မယ်။ သူတို့အနေနဲ့လည်း Expensive အများကြီးရသွားမယ်။ ကျွန်တော်တို့ဌာနမှာလည်း အကျိုးရှိမှာ ဖြစ်တဲ့အတွက် ပြည်သူများကိုအကျိုးရှိမယ်ဖြစ်ခြင်း ဖြစ်ပါတယ်။ အခုကျွန်တော်တို့ ဒီမှာလည်း ဆက်ခေါ်ဖို့ရှိပါတယ်။ အရင်နှစ်က အလုပ်မဝင်တဲ့အတွက် သူတို့ကိုယ်တာတွေ ပိုက်ဆံတွေက ကျွန်တော်ဆီ့ဆီမှာ ရှိတဲ့အတွက် ကျွန်တော်တို့ ဒီ FDA က ၈၉ ဦး ခေါ်ဖို့ရှိပါတယ်။ ခေါ်ဖို့ ပိုက်ဆံ လည်းရှိပါတယ်။ နောက်တစ်ခါ နောက်ထပ် ၁၄၂ ဦးဆိုတော့ စုစုပေါင်း ၂၀၀ ကျော် ခေါ်ဖို့ရှိပါတယ်။ ဒီ B Pharm များရဲ့ လူများကိုလည်း ကျွန်တော်ဒီနေရာကပဲ Request လုပ်ချင်တာကတော့ ကျွန်တော်တို့နိုင်ငံကို တာဝန်ထမ်းဆောင်ရင်းနဲ့ အလုပ်ဝင်ကြပါလို့ ကျွန်တော်အနေနဲ့ ဒီမှာ လေးစားစွာနဲ့တင်ပြအပ်ပါတယ်။

ထို့အပြင် ကျွန်တော်တို့ လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှာလည်း သရုပ်ပြရာထူး ၂၈ ဦး လစ်လပ်ပါတယ်။ ဒီဥစ္စာကိုလည်း ကျွန်တော်တို့ လျှောက်လွှာကိုအမြန်ဆုံးခေါ်မှာဖြစ်တဲ့အတွက်

ဝင်ရောက်ဖြေကြားပြီးတော့ အလုပ်ကိုဝင်စေချင်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မေးခွန်းများ မေးမြန်းရန်စတင်တင်သွင်းတဲ့အချိန်ကတည်းက ကျိုးကြောင်းဖော်ပြချက်နှင့်တကွ ပြည့်စုံစွာ မေးမြန်းဖော်ပြဖို့လိုပါတယ်။ ဒီလိုပြည့်စုံစွာဖော်ပြမှသာလျှင် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဖြေဆိုတဲ့အချိန်မှာ ပြည့်ပြည့်စုံစုံဖြေကြားနိုင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ရသေ့တောင်မြို့နယ် မိုးစဲကျွန်းကူတောင်တိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော ဝန်ထမ်းများနေရာတွင် အချိန်မီဖြည့်တင်းခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စေဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စေဝေ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မမေးမယ့်မေးခွန်းကတော့ မိုးစဲကျွန်းကူတောင်တိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိတဲ့ ဝန်ထမ်းများကို အချိန်မီဖြည့်တင်းခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်။ ကူတောင်တိုက်နယ်မရရှိခင်က နီးစပ်ရာဆေးရုံများကို သွားလာခဲ့ရကြတဲ့ အခက်အခဲကို ဦးစွာတင်ပြလိုပါတယ်ရှင်။ Power Point ပြသခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ ကူတောင်တိုက်နယ်အတွင်းမှာရှိတဲ့ မိုးစဲကျွန်းဟာ ရခိုင်ပြည်နယ်မှာရှိတဲ့ အကြီးဆုံးကျွန်းများအနက် တစ်ကျွန်းအပါအဝင် ဖြစ်ပါတယ်။ ကူတောင်တိုက်နယ်မှာ ကျေးရွာပေါင်း ၂၄ ရွာနှင့်ဖွဲ့စည်းထားပြီးတော့ လူဦးရေ ၃၀၀၀၀ ကျော်နေထိုင်လျက်ရှိကြပါတယ်။ မိုးစဲကျွန်းမှစစ်တွေကိုသွားတဲ့ တွီတေးမြစ်ကြီးဖြစ်ပါတယ်။ နောက် တွီတေးမြစ် ပါတလိတ်အကျယ်ဟာဆို့လို့ရှိရင်တော့ အကျယ် ၁ မိုင်ခွဲခန့်ရှိပါတယ်။ နောက် ကူတောင်တိုက်နယ်မှ ပါတလိတ်ဆိပ်ကမ်းအထိ ကိုးမိုင်အကွာအဝေးရှိပါတယ်။ ဒီဆိပ်ကမ်းကနေပြီးတော့ စစ်တွေဆေးရုံကြီးကို သွားမယ်ဆိုလို့ရှိရင် ပုံမှပြထားတဲ့အတိုင်း အကျယ် ၁ မိုင်ခွဲခန့်ရှိတဲ့ တွီတေးမြစ်ကို စက်တပ်လှေများဖြင့် စစ်တွေဘက်ဆိပ်ကမ်းကို ဖြတ်ကူးသွားလာရပါတယ်။ စစ်တွေပါတလိတ်ဆိပ်ကမ်းမှ စစ်တွေပြည်သူ့ဆေးရုံကြီးသို့ ၁၂ မိုင်အကွာအဝေးရှိပါတယ်။ အဲဒီကတစ်ဆင့် ကားများဖြင့် သွားလာရပါတယ်။ အသွားအပြန် လိုင်းဆွဲနေတဲ့ စက်တပ်လှေများကတော့ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ ဆွဲပါတယ်။ ကျန်တဲ့အချိန်များမှာတော့ ဈေးကြီးပေးပြီးတော့ စက်တပ်လှေများကို ငှားစီးရလေ့ရှိပါတယ်။

ကူတောင်တိုက်နယ်မှ ရသေ့တောင်ဆေးရုံကိုသွားမယ်ဆိုလို့ရှိရင် ဒီငနန်းပြားချောင်းကို ဖြတ်ရပါတယ်။ ကူတောင်ကျေးရွာကနေ ငနန်းပြားဆိပ်ကမ်းကို နှစ်မိုင်လောက်ဝေးပါတယ်ရှင့်။ နောက် ငနန်းပြားချောင်းကနေ ဒါတစ်ဖက်ဆိပ်ကမ်းကို ရောက်ရှိနေပုံဖြစ်ပါတယ်။ ဒီငနန်းပြားချောင်းရဲ့ တစ်ဖက်ဆိပ်ကမ်းကိုရောက်တဲ့အခါမှာ ကား၊ ဆိုင်ကယ်များဖြင့် သုံးမိုင်ခရီးရှိတဲ့ ရသေ့တောင်ချောင်းကိုတစ်ဖန်ထပ်မံပြီး ဖြတ်ကူးရပါတယ်။ ရသေ့တောင်ချောင်းမှ ရသေ့တောင်ကို ဒါဒုတိယချောင်းဖြစ်ပါတယ်။ ရသေ့တောင်ချောင်းကနေ ရသေ့တောင်မြို့ကိုရောက်ဖို့အတွက်ဆိုလို့ရှိရင်လည်း

ဒီချောင်းတစ်ခုကို ထပ်မံပြီးဖြတ်ရပါတယ်။ ပြီးတော့မှပဲ ရသေ့တောင်ဆေးရုံကို ရောက်ရှိမှာဖြစ်ပါတယ်။ အခုကူတောင်တိုက်နယ်ဆေးရုံဟာဆိုလို့ရှိရင် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ကစတင်ဖွင့်လှစ်ခဲ့တဲ့အတွက် ဒေသခံပြည်သူ ၃၀၀၀၀ ကျော်ရဲ့ ကျန်းမာရေးဟာစိတ်အေးရပြီလို့ ယုံကြည်မျှော်လင့်ခဲ့ကြရပါတယ်။ ဒီတိုက်နယ်ဆေးရုံရဲ့ ဝန်ထမ်းဖွဲ့စည်းပုံအင်အားမှာ ပုံမှာပြထားတဲ့အတိုင်း ဖြစ်ပါတယ်။ ဒီကျေးရွာ ၂၄ ရွာကို ကိုယ်စားပြုပြီး လူဦးရေ ၃၀၀၀၀ ကျော်အမှီပြုနေတဲ့ ကူတောင်တိုက်နယ်ဆေးရုံအတွက် ကျန်းမာရေးစောင့်ရှောက်ကုသမှုပြည့်စုံစေရန် လစ်လပ်လျက်ရှိနေတဲ့ ဝန်ထမ်းနေရာများကို အမြန်ဆုံး အစားထိုးခန့်အပ်ပေးစေလိုပါတယ်ရှင်။ ဒီတိုက်နယ်ဆေးရုံမှာ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်ဆိုရင် MSC ဘွဲ့လွန်တက်ရောက်ရန်အတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ ပြောင်းရွှေ့သွားပါတယ်။ နောက်ထပ်ဆရာဝန်တစ်ဦးကို ယာယီတာဝန်ချထားပေးစေပြီးတော့ ဒီ ၁ ရက်၊ ၂ ရက်အတွင်းမှာ ရောက်ရှိတာဝန်ထမ်းဆောင်ကြောင်းကိုလည်း သိရှိရပါတယ်။ ဒါကြောင့် အမြဲတာဝန်ထမ်းဆောင်နိုင်မည့် ဆရာဝန်တစ်ဦးကိုလည်း ခန့်ထားပေးစေလိုပါတယ်ရှင့်။ သွားလာရေးခက်ခဲပြီး ကျန်းမာရေး စောင့်ရှောက်မှုအလှမ်းဝေးနေတဲ့ ပြည်သူများရဲ့ဘဝနဲ့ မြေပြင်အခြေအနေကို လက်တွေ့မြင်စေရန် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကိုလည်း ကျွန်မတို့မြို့နယ်ကို တစ်ခေါက်လောက်လာလည်ဖို့ ဖိတ်ခေါ်ချင်ပါတယ်ရှင့်။ ဒါကြောင့်မို့လို့ ရေလမ်းတစ်ခုတည်းကိုသာ အသုံးပြုသွားလာနေရတဲ့ ကျွန်မရဲ့မဲဆန္ဒရှင် ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အဆင်ပြေချောမွေ့စေရေးအတွက် အထက်ပါမေးခွန်းကို လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စေဝေရဲ့ မေးခွန်းကိုဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအနေနဲ့ ရသေ့တောင် မိုးစဲကျွန်းကူတောင်တိုက်နယ်ဆေးရုံအတွက် တိုက်နယ်ဆရာဝန်တစ်ဦးကို ဒီ ၂၀၁၉ ခုနှစ် ဧပြီလမှာ ကျွန်တော်တို့ ခန့်ထားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဝင်လာတဲ့ အသစ် ၁၀၀၀ နဲ့ ၁၀၀၀ ပတ်ဝန်းကျင် ဆရာဝန်တွေက ဝင်လိုက်လို့ရှိရင် ဆေးရုံကြီးတွေက Experience ရှိတဲ့ တစ်ယောက်ကိုတော့ခန့်ထားမှာ ဖြစ်ပါတယ်။ ခုနကတင်ပြတဲ့ Power Point မှာလည်း ကြည့်တဲ့အခါမှာ ဒါဟာတော်တော်ပေးသင့်တယ်ဆိုတာကိုလည်း ရှင်းပါတယ်။ ခုနက ကျွန်တော်ပြောတဲ့အတိုင်းပါပဲ။ ကျွန်တော့်မှာ တိုက်နယ်ဆေးရုံပေါင်း ၇၄၅ ရုံမှာက အကုန်လုံး မခန့်နိုင်ပါဘူး။ ၂၀၀ ကျော်၊ ၂၅၀ လောက်က လစ်လပ်လျက်ရှိပါသေးတယ်။ နောက်တစ်ချက်က လောလောဆယ် Stocked Matching အနေနဲ့ကတော့ သံတွဲပြည်သူ့ဆေးရုံမှ ဆရာဝန်တစ်ဦးကို ၁၄-၁-၂၀၁၉ ရက်နေ့ကပြီးတော့ ခေတ္တတာဝန်ချထားပြီးဖြစ်ပါတယ်။ အဲဒီတော့ ဟိုဆရာဝန်အသစ်မရောက်ခင်ဒီမှာဆရာဝန်လုံးဝပြတ်လပ်မှုမရှိအောင် ပြည်နယ်ဦးစီးမှူးကိုလည်း ကျွန်တော်အကြောင်း

ကြားမှာ ဖြစ်ပါတယ်။ ကူတောင်တိုက်နယ်ဆေးရုံမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း လက်ရှိအထက်တန်းသူနာပြု ခွင့်ပြုနှုန်းမှာ တစ်ဦးခန့်ထားပါတယ်။ သူနာပြုခွင့်ပြုနောက်ထပ် လေးဦးမှာ တစ်ဦးခန့်ထားပါတယ်။ ၂၁ ရက်နေ့က နောက်ထပ်တစ်ဦးခန့်လိုက်ပါပြီ။ ကျွန်တော်တို့သူနာပြုတွေကို ဒီလမှာပဲ သုံးနှစ်သားဖွားသူနာပြုသင်တန်းအောင်တဲ့သူ ၁၆၃၃ ဦးခန့်ထားပါတယ်။ BNSC ရတဲ့သူ ၃၉၅ ဦးခန့်ပါတယ်။ အားလုံး ဒီ ၂၀၀၀ ကျော်ဟာကို တိုင်းဒေသကြီးနှင့် ပြည်နယ်အကုန်လုံးကို ခွဲပေး ရပါတယ်။ ခွဲပေးတဲ့အခါမှာ ရခိုင်ပြည်နယ်အနေနဲ့ ၅၃ ယောက်ရပါတယ်။ ၅၃ ယောက်ကိုလည်း ဒီ၂၁ ရက်နေ့ကပဲ ရခိုင်ပြည်နယ် ပြည်နယ်ဦးစီးမှူးရုံးမှာလုပ်တဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ တစ်ယောက်ကို မိုးစဲကူတောင်ဆေးရုံကို ပို့လိုက်ခြင်းဖြစ်ပါတယ်။ နောက်ပိုင်းရရင်လည်းရသလို ခန့်အပ်ထားမှာဖြစ်ပါတယ်။ နောက်နေ့စားဝန်ထမ်းအနေနဲ့ကလည်း ကျွန်တော်တို့ပြည့်အောင် ၉-၁၁-၂၀၁၈ ရက်နေ့စာအမှတ်အရ နေ့စားဝန်ထမ်းတစ်ဦးလည်း ကျွန်တော်တို့ ခန့်ထားပြီးဖြစ်ပါတယ်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ကတော့ မကွေးတိုင်းမှာ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ ကနေပြီးတော့ ကြီးကြပ်-၁ ကိုကျွန်တော်တို့ သင်တန်းတွေပေးပါတယ်။ သင်တန်းပေးတဲ့အခါမှာ အားလုံးသည် ၁၀၀ တက်ပါတယ်။ အဲဒီ ၁၀၀ ထဲကနေပြီးတော့ အခုသင်တန်းကပြီးသွားပြီဖြစ်တဲ့အတွက် မကြာခင်မှာ ပြန်ချတဲ့အခါမှာလည်း ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို PHS-1 တွေကို ကျွန်တော်တို့ ပို့ပေးပါမယ်။ အဲဒီတော့ ဖြစ်နိုင်ရင်တော့လည်း ဒီမှာလည်းရရင်ရမယ်။ ကျွန်တော့်အနေနဲ့ အတိအကျတော့ မပြောလိုသော်ငြားလည်း ရခိုင်ပြည်နယ်အတွက်ကတော့ အများကြီးရမှာ ဖြစ်ပါတယ်။ PHS-1ဆိုတာ ပြည်သူ့ကျန်းမာရေး ကြီးကြပ်အဆင့်-၁ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့လုပ်မှာပါ။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်ရဲ့ ခက်ခဲတဲ့ဒေသအခြေအနေတွေကိုလည်း ကျွန်တော်သိတဲ့အတွက် ဦးစားပေးပြီးတော့ ရှေ့ဆက်လက်ပြီးလည်း စဉ်းစားမှာပါ။ ထို့ပြင် ကျွန်တော့်အနေနဲ့ ဒါကို တစ်ပြည်လုံးအတိုင်းအတာအနေနဲ့ မေးထားပြီးပါပြီ။ ခွင့်ပြုခန့်ထားပေးရာမှာတော့ အရေးကြီးတဲ့ အခုလို ဒီလိုကူတောင်ဆေးရုံတွေ အရမ်းသွားလာရေးခက်ခဲတဲ့နေရာမှာတော့ ကျွန်တော်တို့ အမြန်ဆုံး စလုပ်နေပြီဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။

**မင်းတပ်မြို့နယ်ရှိ မကွီအိမ်နူးစံကိုက်(၁၆)ခုတင်ဆံ့ဆေးရုံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ ဦးစွာပထမ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းတပ်မြို့နယ်၊ မကွီအိမ်နူးမြို့ စံကိုက်(၁၆)ခုတင်ဆံ့ဆေးရုံကို တည်ဆောက်ပေးဖို့ အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွီအိမ်နူးမြို့လေးဟာဆိုလို့ရှိရင် အစိုးရသစ်လက်ထက်မှာ မြို့အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးခဲ့ခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒီအတွက် ကျွန်တော့်

အနေနဲ့ ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား နိုင်ငံတော်အစိုးရကို အထူးပင်ကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားပါရစေ။ ဒီမက္ကီအိမ်နူးမြို့လေးဟာ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝလေးမြို့ရယ်ရဲ့အဆုံမှာ တည်ရှိပြီးတော့ ပထဝီသဘောအရ အလွန်ပင်အချက်အချာကျတဲ့နေရာမှာတည်ရှိတဲ့မြို့လေးတစ်မြို့ဖြစ်ပါတယ်။ ဒီမက္ကီအိမ်နူးမြို့လေးကနေ ထိစပ်လျက်ရှိတဲ့ မြို့နယ်လေးမြို့နယ်နဲ့ဆိုရင် အနည်းဆုံး မိုင် ၇၀ ကျော်ကနေပြီးတော့ မိုင် ၉၀ ကျော်အထိ ဝေးကွာတဲ့နေရာမှာတည်ရှိတဲ့မြို့လေးဖြစ်သည့်အတွက် ကျွန်တော်တို့က အလွန်ပင်ချောင်ကျပြီးတော့ ခေါင်ကျလှတဲ့နေရာမျိုးလေး ဖြစ်ပါတယ်ခင်ဗျား။ ဒီမက္ကီအိမ်နူးမြို့အပါအဝင် မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝ လေးမြို့နယ်မှာရှိတဲ့ ကျွန်တော်တို့ရဲ့ဒေသခံတိုင်းရင်းသားများဟာ ကျန်းမာရေးစောင့်ရှောက်မှုဟာ လွန်စွာမှ ခက်ခဲလျက်ရှိပါတယ်။ တစ်ခါတလေ ကျန်းမာရေးအခြေအနေကြောင့် မြို့ကိုတက်ပြီးတော့ ဆေးကုသတဲ့အချိန်မှာ အဆင်မသင့်တဲ့အချိန်မှာ လမ်းခရီးမှာတင် လူနာများဟာ အသက်ဆုံးရှုံးတဲ့အကြိမ်ပေါင်းများစွာကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့ ဒီမက္ကီအိမ်နူးမြို့လေးကို ၁၆ ခုတင်ဆံ့ဆေးရုံလေး မဖြစ်မနေတည်ဆောက်ပေးဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ တည်ဆောက်ပေးဖို့ရန်လည်း အချိန်တန်ပြီဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမက္ကီအိမ်နူးမြို့မဖြစ်ခင် မက္ကီအိမ်နူးကျေးရွာတုန်းက ယခင်အစိုးရလက်ထက်က တိုက်နယ်ဆေးရုံအဖြစ် ဘတ်ဂျက်ငွေချထားပေးခဲ့ပါတယ်။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်ပေးနိုင်ခြင်းမရှိဘဲနဲ့ ဘတ်ဂျက်ကို ပြန်လည်သိမ်းယူသွားတဲ့အတွက် ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ရင်ထဲမှာ ယနေ့အချိန်အထိ လွန်စွာမှ စိတ်ခံစားချက်များ ရှိပါတယ်။ ဒါကြောင့်မို့လို့ မြင်သာမြင်ရ မကြင်ရ၊ နီးလျက်နဲ့ဝေး ဆိုသလို ထမင်းလုတ်ကို ပါးစပ်ထဲခွံ့ခါနီးကျမှ လက်ကို ပုတ်ချသလို ခံစားရတာမျိုး ခံစားနေရပါတယ်။ ဒ့ါအပြင် တိုင်းရင်းသားပြည်သူများရဲ့ ရင်ထဲ၊ အသည်းထဲမှာ ဆူးညှောင့်လေးတစ်ခုကို ရိုက်ပြီးတော့ထည့်လိုက်သလို ပြန်နုတ်မပေးဘဲနဲ့၊ ကုစားမပေးဘဲနဲ့ ခံစားနေရတဲ့အတွက် ယနေ့အချိန်အထိ မျက်တက်မျက်တက်နဲ့ ဒီခံစားနေရတဲ့ဝေဒနာလေးကို ကြုံတွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံတိုင်းရင်းသားပြည်သူများဟာဆိုရင် ယခင်အစိုးရလက်ထက်က ခံစားခဲ့ရတဲ့ ဒီခံစားချက်လေးကို ယခုအစိုးရသစ်လက်ထက်မှာတော့ ပြန်လည်ကုစားပေးလိမ့်မယ်လို့ မျှော်လင့်တကြီးနဲ့ စောင့်စားနေကြပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ဒီနေရာမှာ မက္ကီအိမ်နူးမြို့မှာဆိုရင် လူနာကလည်းနည်းတယ်။ ဒါမှမဟုတ် မြို့ပြဖွံ့ဖြိုးမှုကို အခြေခံပြီးတော့၊ ရေရရှိရေးကို အခြေခံပြီးတော့၊ ဒါမှမဟုတ် မီးရရှိရေးကို အခြေခံပြီးမှ ဆောင်ရွက်ပေးမယ်လို့ ဖြေကြားလိုက်မယ်ဆိုရင်တော့ ဒါလေးဟာ တိုင်းရင်းသားဒေသတွေအတွက် လွန်စွာမှ ရှေ့ဆက်ပြီးတော့ ဆောင်ရွက်ဖို့အခက်အခဲတွေရှိနိုင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဆေးရုံမရှိမှတော့ လူနာက မရှိပါဘူးခင်ဗျား။ ဒ့ါအပြင် မြို့ပြဖွံ့ဖြိုးမှုတွေ၊ ရေရရှိတွေ၊ မီးရရှိတွေမှ လုပ်ပေးမယ်ဆိုရင် ဒီ မက္ကီအိမ်နူးမြို့လေးဟာ လမ်း၊ ကျောင်း၊ တံတား၊ ဆေးရုံ ဒါတွေကို အခြေခံပြီးမှသာလျှင် မြို့ပြဖွံ့ဖြိုးမှုကို တည်ဆောက်နေရတဲ့မြို့လေးဖြစ်နေတဲ့အတွက် ဖြစ်ပါတယ်။ ဒီနေရာမှာ အထူးသဖြင့် ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ပြည်သူ့လွှတ်တော်ကြီးထဲမှာ ကျွန်တော်တို့ရဲ့ပြည်ထောင်စုဝန်ကြီးက ၇-၂-၂၀၁၈ ရက်နေ့ လွှန်ခဲ့တဲ့တစ်နှစ်ပိုင်းလောက်က ပေါ့ဗျာ။ အဲဒီတုန်းကဆိုရင် ဒီလွှတ်တော်ကြီးထဲမှာ ထန်တလန်မြို့နယ်ထဲမှ ဒေါ်နီရွှေလျန်းနဲ့ ကျွန်တော်

တို့ရဲ့ ဒေါက်တာဆလိုင်းရီရန်းဗဲလ်တို့ရဲ့မေးခွန်းတွေအပေါ်မှာ ဖြေကြားသွားတာလေးကို ကျွန်တော်တို့ရဲ့တိုင်းရင်းသားများက မှတ်သားထားပါတယ်။ ဝန်ကြီးဖြေကြားသွားတာက အဲဒီတုန်းကတော့ ကျွန်တော်တို့ဟာ ချင်းပြည်နယ်အတွက်ဆိုရင် လူဦးရေကိုလည်း လျှော့ပေါ့ပြီးတော့ စဉ်းစားခဲ့ပါတယ်။ ချင်းပြည်နယ်ဟာ ကျွန်တော်တို့ကျန်းမာရေးစောင့်ရှောက်မှုလွန်စွာမှ ခက်ခဲတဲ့အတွက် အထူးဦးစားပေးပြီးတော့ ဆောင်ရွက်ပေးနေတယ်လို့ ဖြေကြားခဲ့တဲ့စကားလေးကို အခုတိုင်းရင်းသားများက မှတ်သားပြီးတော့ ဒီနေ့တီဗွီဖန်သားပြင်ပေါ်မှာ ကြည့်ရှုနေကြပါတယ်ဗျာ။ ဒါကြောင့်မို့လို့ မကွီးအိမ်နူးမြို့လေးရဲ့အင်္ဂါရပ်နှင့်ညီအောင်သော်လည်းကောင်း၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝ လေးမြို့နယ်မှာရှိတဲ့ အစွန်အဖျားမှ ဒေသများရော၊ မကွီးအိမ်နူးမြို့မှာရှိတဲ့ ပြည်သူများရော ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံနိုင်အောင်သော်လည်းကောင်း၊ ဒီနေ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဝန်ကြီးက ပြောတဲ့အတိုင်း လုပ်တတ်တယ်ဆိုတဲ့၊ ဒီလို အပြောနဲ့အလုပ်နဲ့ညီတဲ့ ဝန်ကြီးတစ်ပါးဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ရင်ထဲမှာ မှတ်သားထားတဲ့အချက်လေးတွေကို ဒီနေ့ အကောင်အထည်ဖော်မယ့်အချိန်ကျရောက်ပြီဖြစ်သည့်အတွက် အထက်ပါမေးခွန်းကို ကျွန်တော်ရဲ့ မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အာလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ် ဦးနေလင်းအောင်ရဲ့မေးခွန်းဖြစ်တဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ပြန်ပြီးတော့ Repeat မလုပ်တော့ပါဘူး။ အခုပဲ မေးခွန်းမေးတဲ့အတွက်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း မှန်ပါတယ်။ ချင်းပြည်နယ်တို့၊ ကချင်ပြည်နယ်ကအစ ခက်ခဲတဲ့ဒေသမှာဆိုရင် ကျွန်တော်တို့ Criteria အကုန်လျှော့ပါတယ်။ လျှော့ပြီးတော့ အဖြစ်နိုင်ဆုံး၊ အတတ်နိုင်ဆုံးပေးပါတယ်။ ဆက်လက်ပြီးတော့လည်း ဒီမူအတိုင်းပဲ ဆက်လက်လုပ်မှာဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးသိတဲ့အတိုင်း ပထမဦးဆုံး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ ဘဏ္ဍာငွေ ချလိုက်တယ်။ ဆောက်လို့က လုံးဝမရဘူးဆိုတာ လမ်းမရှိပါဘူး။ သွားမယ့်လမ်းမရှိရင်လည်းပဲ လုံးဝပစ္စည်းကိရိယာတွေသယ်လို့မရတဲ့အတွက် ဆောက်လို့မရပါဘူး။ ချင်းပြည်နယ်မှာဆိုလို့ရှိရင် ကျွန်တော့်အနေနဲ့ Station Hospital သန်း ၆၃၀ နဲ့ အခြားတိုင်းဒေသကြီးမှာရရင် ချင်းပြည်နယ်မှာ မရတဲ့အတွက် ချင်းပြည်နယ်ကို ပိုပေးပါတယ်။ PAE ဆိုလို့ရှိရင်လည်း ၂၅၀၀၀ ကျပ်ပတ်ဝန်းကျင်နဲ့ ၄၈၀၀၀ ကျပ်အထိ ပိုပြီးတော့ပေးပါတယ်။ ဒါမှာသာလျှင် ဆောက်လုပ်ရေးက အဆင်ပြေမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း မင်းတပ်မြို့နယ်၊ မကွီးအိမ်နူးမြို့ဟာ မင်းတပ်မြို့နှင့် ၈၅ မိုင် ဝေးပြီးတော့ ပွင့်လင်းရာသီမှာတောင် ခြောက်နာရီလောက် ကြာတာဖြစ်တဲ့အတွက် ဒီကိစ္စကိုလည်း ကျွန်တော်အကုန်သိပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်ပြန်ကြည့်တဲ့အခါမှာ တိုက်နယ်ဆေးရုံဆောက်ဖို့လျာထားသောမြေနေရာ ၅.၈ ဧကက ရပ်ကွက်အသစ်ဖြစ်သော

ဗွိနူးနေရာတွင်ရှိပါတယ်။ ဒီအပေါ်မှာ။ အဲဒီတော့ ဒီနေရာမှာဆိုလို့ရှိရင် ဗွိနူးရပ်ကွက်က စီမံကိန်းလျာထားတဲ့မြေနေရာဖြစ်ပါတယ်။ ဒီမှာ ဘာတွေလုပ်မယ်ဆိုတာလည်း အကုန်လုံးအတိအကျပါပါတယ်။ ဒီဟာကို ရဖို့ဆိုရင် လျာထားသောမြေနေရာသည် ဌာနဆိုင်ရာမြေကနေပြီးတော့ လောလောဆယ်ကွင်းဆင်းမြေပြင်တိုင်းတာဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။ ဒီမြေမိန့်ရရှိဖို့ဆိုလို့ရှိရင် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှာ ပိုက်ဆံထည့်လို့ရပါတယ်။ မြေမိန့်ရရှိဖို့အတွက်ကတော့ ကျွန်တော်တို့ဗဟိုကလုပ်တာရယ်၊ ပြည်နယ်ဦးစီးမှူးရယ်၊ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးရယ် ပါဝင်တဲ့ ထွေ/အုပ်တွေကနေပြီးတော့ ပံ့ပိုးဖို့လိုပါတယ်။ အခြားဝန်ကြီးဌာနအဆောက်အဦဆောက်ဖို့အတွက် ဆေးရုံဆောက်ဖို့က ဦးစားပေးဖြစ်တဲ့အတွက် ဆေးရုံဆောက်မယ့်နေရာကိုတော့ သတ်သတ်မှတ်မှတ် ၅.၈ ဧကကိုတော့ သေချာလုပ်ပြီးတော့ မြေမိန့်ကို အရင်ဆုံးရအောင် အရင်ဆုံးလုပ်ပေးပါ။ မြေမိန့်ကို ဒီနှစ်အတွင်းမှာရမယ်ဆိုလို့ရှိရင် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှာ ပိုက်ဆံထည့်လိုက်လို့ရပါပြီ။ မြေမိန့်မရဘဲနဲ့ ပိုက်ဆံသွားထည့်လိုက်လို့ရှိရင် ပိုက်ဆံကို ပြန်အပ်လိုက်ရရင် ကျွန်တော်တို့လည်း မကောင်းပါဘူး။ အဲဒါကြောင့် မြေမိန့်ရဖို့ကို လုပ်ပေးပါ။ နောက်တစ်ချက်က မကွီအိမ်နူးမြို့မှာဆိုရင် လောလောဆယ်က စိမ့်စမ်းရေကို အဓိကသွယ်သုံးလျက်ရှိပြီး စိမ့်စမ်းရေအသုံးပြုလျက်ရှိတဲ့ မကွီအိမ်နူးရပ်ကွက်ကနေ အခုတိုက်နယ်ဆေးရုံဆောက်မယ့်နေရာက အားလုံး ၅ မိုင်လောက်ဝေးပါတယ်။

လက်ရှိအနေအထားက ရေကမရဘူး။ ရေမရရင် ကျွန်တော်တို့က ဆောက်လို့မရပါဘူး။ အဲဒီတော့ ရေရရှိဖို့ကိုလည်း ပံ့ပိုးဖို့ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးနဲ့ ထွေ/အုပ်နဲ့ ချင်းပြည်နယ်အစိုးရက စီစဉ်ပေးမယ်ဆိုရင် ရေလည်းရမယ်။ မြေလည်းရမယ်ဆိုရင် အခုလာမယ့်ဘတ်ဂျက်မှာထည့်လိုက်လို့ရှိရင် ဒီဥစ္စာက တစ်ခါတည်း ချင်းပြည်နယ်ပြည်သူများအတွက်က အရမ်းကောင်းမွန်မယ်။ အဲဒါဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်ဒီမှာ တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ အဓိကကတော့ မြေနဲ့ရေရရင် ကျွန်တော်တို့ဘက်က လုံးဝအောမခံပါတယ်။ ပိုက်ဆံကို တစ်ခါတည်းထည့်တဲ့အပြင် ကျွန်တော်က ဒီကိစ္စတွေအားလုံးကိုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှေ့မှာတင်ပြချင်တာကတော့ ဒီရတဲ့ Process တွေရဲ့ Process တွေက နည်းနည်းလေးကြာပါတယ်။ ကျွန်တော့်အနေနဲ့ ရိုးသားစွာတင်ပြရမယ်ဆိုရင် ဒီအဆောက်အဦဆောက်တာတို့၊ ခွင့်ပြုခန့်ထားတွေကိုဆိုလို့ရှိရင် Process ကိုတိုအောင်လုပ်လို့ရှိရင် အရမ်းကောင်းပါတယ်။ အားလုံး၊ တစ်ပြည်လုံးအကျိုးရှိမှာဖြစ်တဲ့အတွက် ဒါကတော့ ကျွန်တော်နဲ့မဆိုင်ပါဘူး။ ဒါကတော့ ဟိုဘက်က ဝန်ကြီးဌာနတွေနဲ့ ဆိုင်ပါတယ်။ ကျွန်တော်အမြန်ဆုံးဖြစ်ချင်ပါတယ်။ ဒီနေ့တင်ပြီး အနည်းဆုံးသုံးလလောက်အတွင်းမှာသာ ကျွန်တော်တို့က သုံးလလုံး လေးလပေါ့။ အဲဒီလောက်အတွင်းမှာ အဖြေရရင် ကျွန်တော်တို့က ဒီမှာပိုက်ဆံထည့်လိုက်မယ်။ ချင်းပြည်နယ်တင်မကပါဘူး။ အခြားတွေမှာလည်း အကုန်လုံးထည့်ရခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးနေလင်းအောင် ကိုပြောချင်တာကတော့ ဒီဥစ္စာကိုလည်း ဦးစားပေးအနေနဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**နိုင်ငံတော်၏မျိုးဆက်သစ်လူငယ်များအား ကျန်းမာလန်းဆန်း ဖြောင့်မတ်သော မျိုးဆက်သစ်များအဖြစ် ကြီးပြင်းလာကြစေရေး၊ လုပ်ငန်းခွင်ရောက်ပြည်သူများ၏ ကာယစိတ္တဖွံ့ဖြိုးတိုးတက်စေရေးနှင့် သက်ကြီးနိုင်ငံသားများ ကျန်းမာနုပျိုစေရေးတို့နှင့်အတူ မူးယစ်ဆေးဝါးနှင့် အခြားမလိုလားအပ်သော အာရုံများမှ ကင်းလွတ်သက်သာစေနိုင်သည့် အားကစားကဏ္ဍကို စီမံကိန်းနှင့် ရန်ပုံငွေများချမှတ်၍ တိုက်တွန်းအားပေး ဖော်ဆောင်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာဦးစိန်မြအေးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီကနေ့ ကျွန်တော်တင်သွင်းမယ့်အဆိုရဲ့ အဓိကအကြောင်းအရာကတော့ အားကစားကဏ္ဍကို စီမံကိန်းနဲ့ ရန်ပုံငွေတွေချမှတ်ပြီး တိုက်တွန်းအားပေး ဖော်ဆောင်ပေးနိုင်ဖို့ပဲဖြစ်ပါတယ်။ ဒီအဆိုရဲ့ ရည်ရွယ်ချက်တွေကတော့ အဆိုခေါင်းစဉ်မှာဖော်ပြထားတဲ့အတိုင်း နိုင်ငံတော်၏မျိုးဆက်သစ်လူငယ်များအား ကျန်းမာကြံ့ခိုင်လန်းဆန်းဖြောင့်မတ်သော မျိုးဆက်သစ်လူငယ်များအဖြစ် ကြီးပြင်းလာကြစေရေး၊ လုပ်ငန်းခွင်ရောက်ပြည်သူများ၏ ကာယစိတ္တ ဖွံ့ဖြိုးတိုးတက်စေရေး၊ သက်ကြီးနိုင်ငံသားများ ကျန်းမာနုပျိုစေရေး၊ မူးယစ်ဆေးဝါးနှင့် အခြားမလိုလားအပ်သော အာရုံများမှ ကင်းလွတ်သက်သာစေရေးတို့ပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီလွှတ်တော်ကြီးကို သက်သေထူပြောကြားရရင် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ သိသာထင်ရှားတဲ့မေးခွန်းများကတော့ မိမိတို့ရဲ့မဲဆန္ဒနယ်တွေမှာ အားကစားကွင်းနေရာတွေတောင်းဆိုတာ၊ အဆင့်မြှင့်တင်ပေးဖို့တောင်းဆိုတာတွေ တွေ့ရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲတွေ၊ ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲတွေကို တစ်ခေတ်တစ်ခါတုန်းကလို ပြန်လည်ကျင်းပပေးဖို့တောင်းဆိုတဲ့ အဆိုတစ်ရပ်လည်းရှိခဲ့ပါတယ်။ ဒါတွေက ဘာကိုရည်ညွှန်းနေသလဲဆိုတော့ ပြည်သူတွေရွေးချယ်တင်မြှောက်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဟာ မဲဆန္ဒနယ်ရဲ့အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ လမ်းတွေ၊ တံတားတွေ၊ ကျောင်းတွေ၊ ဆေးရုံဆေးခန်းတွေလို အရေးကြီးတဲ့အားကစားကဏ္ဍကို တိုးမြှင့်ပေးဖို့ စိတ်အားထက်သန်နေကြတာ ထင်ရှားတဲ့အချက်ဖြစ်ပါတယ်။ အလားတူ တောင်းဆိုဆွေးနွေးချက်တွေကို ဖြေကြားရာမှာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကလည်း အားကစားကဏ္ဍတိုးမြှင့်ခြင်းအားဖြင့် ဆေးရုံဆေးခန်းတွေမှာ လူနာအရေအတွက်ကို လျှော့ချနိုင်တဲ့အကြောင်း မကြာခဏပြန်လည်ဆွေးနွေးခဲ့ပါတယ်။ အားကစားကြောင့် ကျန်းမာရေးမြှင့်တင်နိုင်သလို မူးယစ်ဆေးဝါး

အပျော်အပါးတွေ လူငယ်တွေမှာ တွေ့မြင်နေရတဲ့ လိင်ကိစ္စဖောက်ပြန်မှားယွင်းမှုတွေ၊ လောင်းကစားနဲ့အင်တာနက်ဂိမ်းစတဲ့ အကျိုးမဲ့အချိန်ဖြုန်းမှုတွေနဲ့ ဒါတွေရဲ့နောက်ဆက်တွဲဆိုးကျိုးတွေကို လျှော့ချနိုင်မယ်ဆိုတာ မငြင်းနိုင်တဲ့အချက်ဖြစ်ပါတယ်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျန်းမာရေးနှင့်အားကစားကဏ္ဍနှစ်ရပ် ဘတ်ဂျက်ခွဲဝေရာမှာ ခေါက်ချိုးမညီဖြစ်ရမှုကို ထောက်ပြခဲ့ပါတယ်။ ဒါကိုလက်ခံနားလည်တဲ့ ပြည်ထောင်စုဝန်ကြီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်သစ်အတွက် အားကစားဘတ်ဂျက်ကို တိုးမြှင့်တောင်းဆိုခဲ့ပေမဲ့ မအောင်မြင်ခဲ့တဲ့အကြောင်း ကြားသိရပါတယ်။ လွန်စွာဝမ်းနည်းဖွယ်ကိစ္စဖြစ်ပါတယ်။ ဒါဟာ ဒီနေ့လွှတ်တော်ထဲမှာ အဆိုတင်သွင်းရတဲ့အကြောင်းတစ်ခုလည်းဖြစ်နေပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ ရင်းနှီးမြှုပ်နှံမှုတွေလို နိုင်ငံတစ်နိုင်ငံရဲ့အားကစားကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဟာ လတ်တလောအကျိုးအမြတ် သိသာတဲ့လုပ်ငန်းစဉ်တစ်ရပ်မဟုတ်ပါဘူး။ ဒါပေမဲ့ ဆယ်စုနှစ်မကြာမီမှာ လွန်စွာသိသာသော အကျိုးအမြတ်ကိုဖြစ်စေနိုင်ပါတယ်။ ခေတ်ဆိုးတွေရဲ့ အမွေဆိုးတွေကြောင့် ပညာရေးအဆင့်အတန်းနိမ့်ကျမှုအခြေအနေကို နိုင်ငံတော်အစိုးရမှ ကုစားနေရသလို အားကစားကဏ္ဍအတွက်လည်း ခေတ်ဟောင်းရဲ့ကျိုန်စာသင့်မှုမှ ရုန်းထွက်ဖို့အချိန်တန်နေပါပြီ။ အာဆီယံနိုင်ငံတွေကြားမှာ ပျမ်းမျှလူ့သက်တမ်းမှာ မြန်မာဟာ အနိမ့်ဆုံးအခြေအနေမှာရှိပါတယ်။ ဒါဟာ ကျန်းမာရေးစောင့်ရှောက်မှုကြောင့်သက်သက်မဟုတ်ဘဲ အားကစားကဏ္ဍနိမ့်ပါးခြင်းတွေကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် အားကစားနဲ့ပတ်သက်ပြီး အမျိုးသားစီမံကိန်းအဖြစ်နဲ့ ရင်းနှီးမြှုပ်နှံမှု တိုက်တွန်းအားပေးလိုတဲ့အတွက် ဒီအဆိုကို ဒီနေ့မှာ တင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ဖြစ်ပေါ်နေတဲ့အားကစားနဲ့ပတ်သက်တဲ့ နိုင်ငံရဲ့လက်ရှိအခြေအနေကို ဦးစွာခြုံငုံသုံးသပ်မယ်ဆိုရင် အားကစားနှင့်ကာယပညာဦးစီးဌာနရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးရဲ့ အားကစားပြက္ခဒိန်ကို ဦးစွာလေ့လာကြည့်လိုက်တဲ့အခါမှာ ရန်ကုန်တိုင်းဒေသကြီးမှာ ဝန်ကြီးဌာနပေါင်းစုံအားကစားပွဲဆိုတာ တစ်နိုင်ငံလုံးလိုပဲ မရှိပါဘူး။ လူဦးရေ ခုနစ်သန်းပတ်ဝန်းကျင်ရှိတဲ့ ဒီတိုင်းဒေသကြီးမှာ ဌာနပေါင်းစုံရှိပြီး ဝန်ထမ်းပေါင်းသိန်းဂဏန်းရှိတဲ့အတွက် ဝန်ထမ်းအားကစားအတွက် သိသာထင်ရှားတဲ့လုပ်ငန်းစဉ်ရှိဖို့သင့်ပါတယ်။ တစ်ခါ နိုင်ငံမှာ အားကစားအဖွဲ့ချုပ် ၄၀ ရှိနေတဲ့အချိန် ဒီလောက်လူနေသိပ်သည်းတဲ့ စီးပွားရေးမြို့တော်ကြီးမှာ အားကစားနည်း ၁၂ မျိုးလောက်ပဲ လူရွေးပွဲအဆင့် ကျင်းပနိုင်ပါတယ်။ ရန်ကုန်အတွက်ဆက်လေ့လာမယ်ဆိုရင် မြို့နယ်ပေါင်းစုံအဆင့်အားကစားပြိုင်ပွဲ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး စသည်တွေပါ ကျင်းပနိုင်ပါတယ်။ ဆပ်ကော်မတီဥက္ကဋ္ဌဖလား၊ ဝန်ကြီးချုပ်ဖလား၊ ခရိုင်အဆင့်ပြိုင်ပွဲတွေမှာတော့ ကစားနည်းလေးမျိုးလောက်သာ ဆောင်ရွက်နိုင်တာတွေ့ရပါတယ်။ ဒါဟာ အဖွံ့ဖြိုးဆုံးနဲ့ လူနေသိပ်သည်းဆုံးရန်ကုန်မြို့ကို ယေဘုယျသုံးသပ်တာဖြစ်တာမို့ တစ်နိုင်ငံလုံးကျန်တဲ့နေရာတွေရဲ့အခြေအနေကတော့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေ အသိဆုံးဖြစ်ပါလိမ့်မယ်။ တစ်နိုင်ငံလုံးအတွက် ကျောင်းသားအားကစားပြိုင်ပွဲတွေ၊ အားကစားပွဲတော်တွေ အခုချိန်ထိဖြစ်မလာသေးပါဘူး။ ဒါကတော့ လွှတ်တော်မှာ အဆိုတင်ဆွေးနွေးခဲ့ကြပြီး ရှစ်လလောက်ကြာတဲ့

အခုအချိန်အထိ ဖြစ်မလာတာပါ။ ဒီဟာက National Sport Plan မရှိလို့လား။ ဘတ်ဂျက်ပြဿနာလား။ နှစ်ခုစလုံးကြောင့်လားဆိုတာ ဆန်းစစ်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာကြံ့ခိုင်တဲ့ မျိုးဆက်သစ်တစ်ရပ်ဖြစ်လာဖို့ ရေရှည်စီမံကိန်းတွေ ချမှတ်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ Match Score Match the Excellent Forth ခေါ်တဲ့ ပြိုင်ပွဲဝင်ထူးချွန်အောင်မြင်ခြင်းဆီကို အရောက်သွားရမှာဖြစ်ပါတယ်။ လူထုအားကစားမှာပါဝင်ဆောင်ရွက်မှ ထူးချွန်သူများများ ပေါ်ထွန်းမှာဖြစ်ပါတယ်။ နို့များများကျိုမှ မလိုင်များများရမယ့်သဘောပါပဲ။ ရေရှည်စီမံကိန်းချမှတ်မယ်ဆိုရင် တစ်နိုင်ငံလုံးက ကလေးသူငယ်များကို ပစ်ထားလို့မရပါဘူး။ အာဟာရကို စနစ်တကျတွက်ချက်ပြီး အာဟာရတိုက်ကျွေးရန် ဝန်ကြီးဌာနများပူးပေါင်းဆောင်ရွက်တဲ့အခါမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကတော့ အင်မတန်အရေးကြီးတဲ့အနေအထားမှာ ရောက်ရှိနေပါပြီ။ အဲဒီကလေးတွေဟာ အခြေခံပညာကျောင်းများသို့ ရောက်ရှိသွားတဲ့အခါမှာ ကျန်းမာကြံ့ခိုင်သော၊ အာဟာရပြည့်ဝသော ကျောင်းသားကျောင်းသူများထဲကမှ အားကစားနှင့် ကာယသိပ္ပံကျောင်းများအတွက် ရွေးချယ်နိုင်မှသာ နိုင်ငံတကာပြိုင်ပွဲများမှာ သက်လုံကောင်းတဲ့ အားကစားသမားများကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနများကလည်း အားကစားထူးချွန်သူများ၊ လက်ရွေးစင်များ၊ အားကစားသိပ္ပံဆင်းများကို အလုပ်ခန့်ထားရန် အစီအစဉ်ဆွဲပေးရမှာဖြစ်ပါတယ်။ အားကစားသိပ္ပံဆင်းတွေဟာ အရည်အချင်းသတ်မှတ်ပြီး အခြေခံပညာမူလတန်းကျောင်းများမှာ အားကစားနှင့်ကာယပညာဆရာများအဖြစ် အခြေခံဝန်ထမ်းအဖြစ်နဲ့ ခန့်ထားပေးဖို့ လိုအပ်ပါတယ်။ တစ်ခေတ်တစ်ခါက မြန်မာ့အားကစားအဆင့်အတန်း ကမ္ဘာကိုဝင်ဆံ့ခဲ့တာဟာ ဒီလို ကျောင်းပေါင်းစုံ၊ တက္ကသိုလ်အားကစားပြိုင်ပွဲတွေကနေစခဲ့တာ အထင်အရှားပဲဖြစ်ပါတယ်။ ရပ်ကွက်ကျေးရွာအဆင့်မှသည် ပြည်ထောင်စုအဆင့်အထိ အားကစားပြိုင်ပွဲအမျိုးမျိုးကို အရှိန်အဟုန်နဲ့ကျင်းပနိုင်ဖို့လည်း တကယ့်ကို လိုအပ်နေပါပြီ။ ဒီအကြောင်းကို လွှတ်တော်မှာ အဆိုတင်ဆွေးနွေးခဲ့ကြပြီးပြီမို့ အသေးစိတ်မတင်ပြလိုတော့ပါဘူးခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူထုအားကစားရော၊ ပြိုင်ပွဲဝင်အားကစားရော တိုးမြှင့်နိုင်ဖို့ဆိုရင် အသေးစိတ်အစီအစဉ်တွေ လိုအပ်ပါတယ်။ အစီအစဉ်တွေ အကောင်အထည်ဖော်နိုင်ဖို့အတွက် အရင်းအနှီးစိုက်ထုတ်ရမှာလည်း အထင်အရှားပဲဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်တွေ ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးခဲ့ကြသလိုပဲ Law to Plan, Plan to Budget ဆိုတဲ့အဆင့်တွေဟာ အရေးကြီးပါတယ်။ ဥပဒေပိုင်းအနေနဲ့ပြောရမယ်ဆိုရင် အမျိုးသားအားကစားဥပဒေကို လွှတ်တော်နှစ်ဆက်လုံးမှာ ဆွေးနွေးခဲ့ကြပါတယ်။ လွန်ခဲ့တဲ့တစ်နှစ်ကျော်ကတည်းက ဖြစ်ပါတယ်။ ကျွန်တော်အပါအဝင် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတို့ညှိနှိုင်းပြီး ဥပဒေမူကြမ်းဖြစ်လာခဲ့ပေမဲ့လည်း ဒီနေ့အထိလွှတ်တော်ထဲကို ပြန်ရောက်မလာသေးတာ တွေ့ရပါတယ်။ တစ်ဖက်မှာတော့ ဝန်ကြီးဌာနက အိုလံပစ်ကောင်စီဥပဒေကိုရေးဆွဲဖို့ ပြင်ဆင်နေကြောင်းလည်း သတင်းကြားရပါတယ်။ ဒီဥပဒေကြမ်းနှစ်မျိုးလုံးဟာ တစ်မျိုးစီ အဓိပ္ပာယ်ရှိ အရေးပါတာကြောင့် အမြန်ဆုံးဖြစ်လာရမှာဖြစ်ပါတယ်။ ရှိနေဆဲဥပဒေဘောင်အတွင်းကပင် အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ အထူးသဖြင့် လူထုအားကစားရော၊

ပြိုင်ပွဲဝင်ထူးချွန်အားကစားရော ခြုံငုံမိတဲ့လုပ်ငန်းစဉ်တစ်ခုချင်းအတွက် အကောင်အထည်ဖော်နိုင်ဖို့ သာမန်အသုံးစရိတ်၊ ဟိုတစ်ခေတ်ကလို ကျောင်းတိုင်းမှာ ကာယဆရာတွေ ခန့်ထားနိုင်ဖို့ အသုံးစရိတ်၊ ဝန်ကြီးဌာနတွေမှာ ထူးချွန်အားကစားသမားတွေကို ဝန်ထမ်းတစ်နေရာခန့်ထားဖို့အသုံးစရိတ်၊ အားကစားဝင်း၊ အားကစားတွင်း ပစ္စည်းစတဲ့ Facilities တွေအတွက် ငွေလုံးငွေရင်းအသုံးစရိတ် စသည်တို့ကို တောင်းခံနိုင်ဖို့အတွက် အမျိုးသားစီမံကိန်းနဲ့ အသေးစိတ်အစီအစဉ်တွေကို ရေတိုရေရှည်မျှော်မှန်းချက်တွေနဲ့ ရေးဆွဲရတော့မှာဖြစ်ပါတယ်။ စီမံကိန်းရှိနေမှ ဘတ်ဂျက်တောင်းခံ လျာထားနိုင်သလို ထိုက်တန်စွာအသုံးချမှုလည်း ဖြစ်လာမှာဖြစ်ပါတယ်။ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနအနေနဲ့ အားကစားအတွင်း ရန်ပုံငွေတွေ တတ်နိုင်သမျှ တိုးချဲ့ပေးနေတာတော့ ကျွန်တော်တို့သိပါတယ်။ ဒါပေမဲ့ ဒါတွေက Proper Plan တွေနဲ့သွားမှ အကျိုးရှိထိရောက်မှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံရဲ့ရေရှည်ရင်းနှီးမြှုပ်နှံမှုထဲမှာ သိသာပေါ်လွင်ပြီး အချိန်ကာလတစ်ခုအတွင်း အကျိုးအမြတ်ပြန်ရစေမယ့် ကျွန်တော်တို့ရဲ့မျိုးဆက် သစ်သားသမီးတွေကနေ မိဘဘိုးဘွားတွေအထိ ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ စိတ်ပိုင်းဆိုင်ရာယုံကြည် မှုတွေဖြစ်လာစေမယ့် ဒီတိုက်တွန်းချက်အပေါ်မှာ ပြည်သူ့ကိုယ်စားလှယ်များနှင့် ပြည်သူ့အစိုးရတို့ သည် စေတနာယုံကြည်မှုနှင့်အတူ တစ်ထပ်တည်းကျကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ဒီနေ့ နိုင်ငံတော်၏မျိုးဆက်သစ်လူငယ်များအား ကျန်းမာလန်းဆန်းဖြောင့်မတ်သောမျိုးဆက်သစ်များအဖြစ် ကြီးပြင်းလာကြစေရေး၊ လုပ်ငန်းခွင်ရောက်ပြည်သူများ၏ ကာယစိတ္တဖွံ့ဖြိုးတိုးတက်စေရေးနှင့် သက်ကြီးနိုင်ငံသားများ ကျန်းမာနုပျိုစေရေးတို့နှင့်အတူ မူးယစ်ဆေးဝါးနှင့်အခြားမလိုလားအပ်သော အာရုံများမှ ကင်းလွတ်သက်သာစေနိုင်တဲ့အားကစားကဏ္ဍကို စီမံကိန်းနှင့်ရန်ပုံငွေများချမှတ်၍ တိုက်တွန်းအားပေးဖော်ဆောင်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ကြီးက ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိန်မြအေး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်ဆွေဝင်း(ကော့မှူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကျော်ဆွေဝင်း အနေနဲ့ ဒလမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စိန်မြအေးရဲ့အဆိုကို ဒီလွှတ်တော်မှာ ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ဖို့ ထောက်ခံသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့ရည်ရွယ်ချက်မှာ နိုင်ငံတော်ရဲ့မျိုးဆက်သစ်လူငယ်များအား ကျန်းမာလန်းဆန်းဖြောင့်မတ် သောမျိုးဆက်သစ်များအဖြစ် ကြီးပင်းလာကြစေရေး၊ လုပ်ငန်းခွင်ရောက် ပြည်သူများ၏ကာယစိတ္တ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သက်ကြီးနိုင်ငံသားများ ကျန်းမာနုပျိုစေရေးတို့ကို အဓိကအာရုံစိုက်ထားတာ တွေ့ရမှာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း မူးယစ်ဆေးဝါးနှင့် အခြားမလိုလားအပ်တဲ့အာရုံများမှ

ကင်းလွတ်သက်သာစေနိုင်တဲ့ အရေးပါတဲ့နည်းလမ်းအဖြစ်နဲ့ အားကစားကဏ္ဍကို အဖြေတစ်ခုအဖြစ် ပေးထားတာဖြစ်ပါတယ်။ ဒါဟာ အင်မတန်မှန်ကန်တဲ့အဖြေတစ်ခုပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကျောင်းပေါင်းစုံအားကစားတွေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဘောလုံးပြိုင်ပွဲတွေ၊ ဝန်ကြီးဌာနအလိုက်ဘောလုံးပွဲတွေဟာ တစ်နိုင်ငံလုံးကစောင့်ကြည့်ကြ။ အဲဒီခေတ်က ရေဒီယိုတွေက လွှင့်တဲ့အသံတွေကို နားထောင်ကြနှင့် ပျော်စရာအလွန်ကောင်းခဲ့ရပါတယ်။ ကျောင်းဆင်းတာနဲ့အတူ ဘောလုံးကွင်းထဲရောက်သူကရောက်၊ ဘော်လီဘောပုတ်သူကပုတ်၊ ခြင်းခတ်သူကခတ်နှင့် နေခဲ့ကြတာဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက အားကစားအခန်းကဏ္ဍမှာလည်း အာရှမှာ အဆင့်မီ၊ အရည်အသွေးမီဖြစ်လာခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဘက်ခေတ်ကို ပြန်ကြည့်တဲ့အခါမှာ ဘောလုံးကွင်းအများစုဟာ ပျက်စီးနေပါပြီ။ တစ်ချိန်က မင်းနေပြည်တော်ဖြစ်တဲ့ ရန်ကုန်မြို့ရဲ့တက္ကသိုလ်ဘောလုံးကွင်း ၆ ကွင်းတောင် ပြန်လည်ပြင်ဆင်အသုံးပြုနိုင်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်တောင်းဆိုခဲ့တာ သတိထားမိမှာ ဖြစ်ပါတယ်။ အဲဒီကွင်းတွေဟာ မြန်မာ့လက်ရွေးစင်များစွာကို မွေးထုတ်ခဲ့တဲ့ အားကစားကွင်းတွေပဲ ဖြစ်ပါတယ်။ ကစားကွင်းကောင်းတွေလည်းမရှိ၊ လေ့ကျင့်ပေးမယ့် Trainer တွေလည်းမရှိသလို လူငယ်တွေဟာ ဂိမ်းဆိုင်မှာဖြစ်ဖြစ်၊ လက်ကိုင်ဖုန်းနဲ့ဖြစ်ဖြစ် နစ်မျောနေတာကို အပန်းဖြေစရာအဖြစ်တွေ့လာရပါတယ်။ အချို့သောလူငယ်တွေဆိုရင် မူးယစ်ဆေးဝါးတွေရဲ့ သားကောင်ဘဝကို ရောက်ကုန်ကြရပါပြီ။ ကျေးလက်မှမြို့ပြ၊ မြို့ပြမှ နိုင်ငံတော်အဆင့်အထိ အားကစားသမားကောင်းတွေ ပေါ်ထွန်းလာဖို့ဆိုရင် မြို့နယ်တိုင်းမှာ အရည်အသွေးမီတဲ့ အားကစားကွင်းတွေလိုအပ်ပါပြီ။ ကျွန်တော့်မဲဆန္ဒနယ် ကော့မှူးမြို့နယ်အတွင်း အားကစားကွင်းပြန်လည်ပြင်ဆင်တည်ထောင်ပေးဖို့ ဒီလွှတ်တော်ကြီးမှာ တောင်းဆိုတဲ့အခါမှာ ပြည်ထောင်စုဝန်ကြီးက မိမိအနေဖြင့် တစ်ပြည်လုံးတွင်ရှိသည့် အားကစားကွင်းတွေကိုပြင်ဖို့၊ Table Tennis ဆိုရင်လည်း Rocket ကအစ လုပ်ပေးရန် မိမိအနေဖြင့် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်နှစ်တွင် ကျန်းမာရေးမှ အားကစားကို ၂၅.၅ ဘီလီယံ ပေးလိုက်ပါကြောင်း၊ အားကစားက ၂၂ ဘီလီယံရသော်လည်း အဖျက်ခံလိုက်ရပါကြောင်း၊ အားကစားတွင် ၄.၆၇ ဘီလီယံအဖျက်ခံရမည်ကို မိမိသိခဲ့မယ်ဆိုရင် ကျန်းမာရေးမှ ၎င်းထဲကို ထည့်မည်မဟုတ်ပါကြောင်း၊ နောက်မှ ကျန်းမာရေးအောက်သို့ လုပ်ထုံးလုပ်နည်းအရ ပေး၍ရပါကြောင်း၊ ယခု အားကစားကို ရောက်သွားသည့်အခါမှာ အဖျက်ခံလိုက်ရပါကြောင်းဆိုတဲ့ ဝမ်းနည်းဖွယ်ရာစကားကိုလည်း ကြားသိခဲ့ပြီးဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ လိုအပ်သော အားကစားကဏ္ဍအတွက် ဝန်ကြီးရဲ့ လေးနက်တဲ့စေတနာထားရှိမှုကိုလည်း လှိုက်လှဲစွာကြိုဆိုအပ်ပါတယ်။ အားကစားကွင်းတစ်ခုရဲ့အင်္ဂါရပ်မပြည့်စုံသေးတာတွေကိုလည်း မြင်တွေ့နေရပါတယ်။ ကျွန်တော်လက်ရှိနေထိုင်တဲ့ ကွမ်းခြံကုန်းမြို့နယ်က အောင်ဆန်းသူရိယလှသောင်းအားကစားကွင်းဟာဆိုရင်လည်း သက်ဆိုင်ရာလွှတ်တော်ကတိကဝတ်အရ ဝန်ကြီးဌာနက ပြန်လည်ပြင်ဆင်ပေးခဲ့ပေမဲ့ အားကစားရုံအတွက် ပွဲကြည့်စင်နှင့် ကြမ်းခင်းဘတ်ဂျက်၊ ကွင်းထဲမှာ မြက်ခင်းစိုက်ပျိုးဖို့အတွက် ဘတ်ဂျက်တွေမပါရှိသေးတာကြောင့် ဒီနေ့အထိ ကောင်းစွာအသုံးမပြုသေးတာကို တွေ့ရပါတယ်။ ဘဏ္ဍာရန်ပုံငွေတွေကို စီမံကိန်းနှင့်တကွ စနစ်တကျခွဲဝေပေးမှသာလျှင် ကျွန်တော်တို့နိုင်ငံနှင့်အနာဂတ်တာဝန်လွှဲပေးရမယ့် လူငယ်များ

အတွက်ကော၊ တိုင်းပြည်အတွက် အလုပ်လုပ်နေသူ၊ အလုပ်လုပ်ခဲ့သူလူကြီးများ ကျန်းမာရေးအတွက်ကော အကောင်းဆုံးဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင်ရဲ့စေတနာဟာ ဒီလွှတ်တော်ထဲက ကိုယ်စားလှယ်များနှင့် သူတို့ရဲ့သက်ဆိုင်တဲ့မဲဆန္ဒရှင်ပြည်သူများရဲ့ဆန္ဒနှင့် တစ်ထပ်တည်းကျမှာဖြစ်တဲ့အတွက် ဒီအဆိုကို လွှတ်တော်ကြီးက လက်ခံဆွေးနွေးနိုင်ပါရန် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါက်တာစိန်မြအေး တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာစိန်မြအေး၊ ဒလမဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံတော်၏မျိုးဆက်သစ်လူငယ်များအား ကျန်းမာလန်းဆန်းဖြောင့်မတ်သော မျိုးဆက်သစ်များအဖြစ် ကြီးပြင်းလာကြစေရေး၊ လုပ်ငန်းခွင်ရောက်ပြည်သူများ၏ ကာယစိတ္တဖွံ့ဖြိုးတိုးတက်စေရေးနှင့် သက်ကြီးနိုင်ငံသားများ ကျန်းမာနုပျိုစေရေးတို့နှင့်အတူ မူးယစ်ဆေးဝါးနှင့် အခြားမလိုလားအပ်သော အာရုံများမှ ကင်းလွတ်သက်သာစေနိုင်သည့် အားကစားကဏ္ဍကို စီမံကိန်းနှင့် ရန်ပုံငွေများ ချမှတ်၍ တိုက်တွန်းအားပေးဖော်ဆောင်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဒေါက်တာစိန်မြအေး၊ ဒလမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၂၈-၁-၂၀၁၉ ရက်(တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကိုလက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ် များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်တွင် စတင်တင်သွင်းသည့် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ၇-၉-၂၀၁၈ ရက်တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ၁၂-၉-၂၀၁၈ ရက်နေ့တွင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် သထုံမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်ကြီးသို့ လေးစားစွာ တင်သွင်း သွားမှာ ဖြစ်ပါတယ်ရှင့်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉-၁၄

ရက်စွဲ ၊ ၂ ၀ ၁ ၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၇-၉-၂၀၁၈ ရက်စွဲပါစာအမှတ် ၁/အမ(ကော်မတီ-၁) ၁/၂၀၁၈-၅၃၀

၁။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘမျိုးသိန်း တင်သွင်းသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၃၀-၁၀-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၇-၉-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာနှင့် ပေးပို့လာပါတယ်။

၂။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းအား အောက်ဖော်ပြပါရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်-

(က) မြေသိမ်းဥပဒေနှင့်အညီ မြေသိမ်းမှုဖြစ်ပေါ်စေခြင်းဖြင့် မတရားမြေသိမ်းဆည်းမှုများကို တားဆီးရန်နှင့် မြေသိမ်းခံရသူများ၏အကျိုးစီးပွားကို ဥပဒေ၏ကာကွယ်စောင့်ရှောက်မှုရရှိစေရန်၊

(ခ) မြေသိမ်းခြင်းပြုရာတွင် အကျိုးစီးပွားထိခိုက်နစ်နာသူမိသားစုများ၊ ဒေသခံပြည်သူများ ပါဝင်သောကြိုတင်အသိပေးခြင်း၊ လွတ်လပ်စွာညှိနှိုင်းခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊

(ဂ) အကျိုးစီးပွားထိခိုက်နစ်နာမှုခံရသူ မိသားစုများအတွက် တရားမျှတလျော်ကန်သည့် လျော်ကြေးနှင့် နစ်နာကြေးများ ခံစားရရှိစေရန်၊

(ဃ) မြေသိမ်းရာတွင် အိမ်ရာမြေများ စွန့်လွှတ်ဖယ်ရှားခံရခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနစ်နာမှုများအတွက် ပြန်လည်နေရာချထားပေးခြင်း ခံစားရရှိစေရန်၊

**မူကြမ်း**

(င) မြေသိမ်းခံရခြင်းကြောင့် အကျိုးစီးပွားထိခိုက်နစ်နာသူနှင့် နစ်နာသူ မိသားစုများ၏ လူမှုစီးပွားရေးဘဝပြန်လည်ထူထောင်ပေးခြင်း ခံစားရရှိစေရန်၊

(စ) မြေကို သိမ်းယူအသုံးပြုမှုကြောင့်ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်နှင့် အများပြည်သူ၏ လူမှုစီးပွားထိခိုက်နစ်နာမှုများအား တားဆီးကာကွယ်ရန်

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၆-၁-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)နှင့် ၁၇-၁-၂၀၁၉ ရက်(ကြာသပတေးနေ့)တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တော်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ပါတယ်။ စိစစ်လေ့လာတွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များကိုတော့ လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဝေငှထားပြီးဖြစ်ပါတယ်ရှင်။

၄။ သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၉-

ရက် စွဲ ၊ ၂၀ ၁ ၉ ခု နှစ်၊ ဇန် န ဝါ ရီ လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၇-၉-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၈- ၅၃၀

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘမျိုးသိန်း တင်သွင်းသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၃၀-၁၀-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၇-၉-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းအား အောက်ဖော်ပြပါရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ဥပဒေနှင့်အညီ မြေသိမ်းမှုဖြစ်ပေါ်စေခြင်းဖြင့် မတရားမြေသိမ်းဆည်းမှုများကို တားဆီးရန်နှင့် မြေသိမ်းခံရသူများ၏ အကျိုးစီးပွားကိုဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုရရှိစေရန်၊

(ခ) မြေသိမ်းခြင်းပြုရာတွင် အကျိုးစီးပွားထိခိုက်နစ်နာသူ မိသားစုများ၊ ဒေသခံပြည်သူများပါဝင်သော ကြိုတင်အသိပေးခြင်း၊ လွတ်လပ်စွာညှိနှိုင်းခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များဖြင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်ရန်၊

(ဂ) အကျိုးစီးပွား ထိခိုက်နစ်နာမှုခံရသူ မိသားစုများအတွက် တရားမျှတလျော်ကန်သည့် လျော်ကြေးနှင့် နစ်နာကြေးများ ခံစားရရှိစေရန်၊

**မူကြမ်း**

(ဃ) မြေသိမ်းရာတွင် အိမ်ရာမြေစွန့်လွှတ်ဖယ်ရှားခံရခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနစ်နာမှုများအတွက် ပြန်လည်နေရာချထားပေးခြင်း ခံစားရရှိစေရန်၊

( င) မြေသိမ်းခံရခြင်းကြောင့် အကျိုးစီးပွားထိခိုက်သူနှင့် နစ်နာသူမိသားစုများ၏ လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ပေးခြင်း ခံစားရရှိစေရန်၊

( စ) မြေကို သိမ်းယူအသုံးပြုမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်နှင့် အများပြည်သူ၏ လူမှုစီးပွား ထိခိုက်နစ်နာမှုများအား တားဆီးကာကွယ်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၆-၁-၂၀၁၉ ရက် ဗုဒ္ဓဟူးနေ့နှင့် ၁၇-၁-၂၀၁၉ ရက် ကြာသပတေးနေ့တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့် အရေးဆိုင်ရာ ကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တောင်သူ လယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အခန်း(၁၂) ခန်းနှင့် အပိုဒ်ပေါင်း ၇၃ ပိုဒ် ပါရှိပါသည်။

( ခ) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင် အတည်ပြုချက်များအနက် အချက် (၁၁၀) ချက်ကို သဘောတူလက်ခံ ပါသည်။

( ဂ) ဥပဒေခေါင်းစီးရှိ ၂၀၁၈ ခုနှစ် ဆိုသည့်စကားရပ်ကို ၂၀၁၉ ခုနှစ် ဟု ပြင်ဆင်ပါ သည်။

(ဃ) အခန်း(၁) အပိုဒ် ၂ ခြေဆင်းရှိ အများပြည်သူ အကျိုးအလို့ငှာ ထာဝရ သို့မဟုတ် ဆိုသည့်စကားရပ်ကို အများပြည်သူအကျိုးအလို့ငှာအမြဲတမ်း သို့မဟုတ် ဟု ပြင်ဆင် ပါသည်။

( င) အပိုဒ် ၂ အပိုဒ်ခွဲ (စ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) လယ်ယာမြေ သိမ်းဆည်းခြင်းအတွက် လယ်ယာမြေဥပဒေအရလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ပြန်လည်ရယူခြင်းအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရလည်းကောင်း လျော်ကြေးနှင့်

**မူကြမ်း**

နစ်နာကြေးများ ပေးဆောင်ခြင်းတို့မှအပ အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ မြေသိမ်းဆည်းသည့်ကိစ္စရပ်များ။

( စ) အပိုဒ် ၃ အပိုဒ်ခွဲ(က)ရှိ မြေဆိုရာတွင် ဆိုသည့်စကားရပ်ကို မြေဆိုသည်မှာ ဟုလည်းကောင်း၊ အရာဝတ္ထုများပါဝင်သည် ဆိုသည့်စကားရပ်ကို အရာဝတ္ထုများကို ဆိုသည် ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၃ အပိုဒ်ခွဲ(ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) အိမ်ထောင်သားစု ဆိုသည်မှာ သွေးသားတော်စပ်၍ဖြစ်စေ၊ အိမ်ထောင်မှု ဖြင့်တော်စပ်၍ဖြစ်စေ အတူတကွနေထိုင်လျက်ရှိသော မိသားစုကို ဆိုသည်။

( ဇ) အပိုဒ် ၃ အပိုဒ်ခွဲ (ဂ) ခြေဆင်းရှိ **မြေပိုင်ဆိုင်သူဆိုရာတွင်** ဆိုသည့်စကားရပ်ကို **မြေပိုင်ဆိုင်ခွင့်ရှိသူဆိုသည်မှာ** ဟု ပြင်ဆင်ပါသည်။

(ဈ) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၁)နှင့်(၂) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ)(၁) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်သည့် မြေယာမှတ်တမ်းများတွင် မြေ သို့မဟုတ် အဆောက်အအုံ သို့မဟုတ် ယင်းတို့၏ အစိတ်အပိုင်း၏ ပိုင်ရှင်ဖြစ်ကြောင်း၊ လက်ဝယ်ထားပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အသုံးပြုခွင့်ရသူဖြစ်ကြောင်း သို့မဟုတ် အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း တရားဝင်မှတ်တမ်းတင်ထားသူ၊

(၂) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြေရရှိသူ သို့မဟုတ် ပိုင်ဆိုင်ခွင့်ရရှိသူ၊

(ည) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ် (၄) ရှိ **သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့** ဆိုသည့်စကားရပ်ကို **နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့** ဟု ပြင်ဆင်သဖြင့် ဤဥပဒေတွင် ပါရှိသော **သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့** ဆိုသည့် စကားရပ်များကို **နေပြည်တော် ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့** ဟု အသီးသီးပြင်ဆင်ပါသည်။

( ဋ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ် (၅) ကို ပယ်ဖျက်ပါသည်။

**မူကြမ်း**

( ဌ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃ အပိုဒ်ခွဲ(စ)ရှိ မြေကိုသိမ်းယူမည်ဖြစ်ကြောင်း ကြေညာခြင်းဆိုသည်မှာ ဆိုသည့်စကားရပ်ကို မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာဆိုသည်မှာ ဟု ပြင်ဆင်ပါသည်။

( ဍ) အပိုဒ် ၃ အပိုဒ်ခွဲ(ဆ)ကို အပိုဒ်ခွဲ(ဇ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ လိုအပ်သမျှမြေကိုသာ ဆိုသည့်စကားရပ်ကို အနည်းဆုံးလိုအပ်သမျှမြေကိုသာ ဟု ပြင်ဆင်ပါသည်။

( ဎ) အပိုဒ် ၃ အပိုဒ်ခွဲ(ည) အပိုဒ်ခွဲငယ်(၄) ကို အပိုဒ်ခွဲ(ဠ) အပိုဒ်ခွဲငယ်(၄) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဠ)(၄) မြေကိုတရားဝင်ပိုင်ဆိုင်မှုမရှိသော်လည်း သိမ်းဆည်းသည့်မြေပေါ်တွင် သိမ်းဆည်းခြင်းမပြုမီ အနည်းဆုံး ၁၂ နှစ် တစ်ဆက်တစ်စပ်တည်း လက်ဝယ်ထားရှိ လုပ်ကိုင်သူအဖြစ်ဖြစ်စေ၊ အမှန်တကယ် လယ်ယာလုပ်သားအဖြစ်ဖြင့်ဖြစ်စေ၊ လက်ခစားအဖြစ်ဖြင့်ဖြစ်စေ လုပ်ကိုင်လျက်ရှိသူ။

(ဏ) အပိုဒ် ၃ အပိုဒ်ခွဲ(ဠ)ကို အပိုဒ်ခွဲ(ဌ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ **မြေပိုင်ဆိုင်သူ** ဆိုသည့် စကားရပ်ကို **မြေပိုင်ဆိုင်ခွင့်ရှိသူ** ဟု ပြင်ဆင်သဖြင့် ဤဥပဒေတွင် ပါရှိသော **မြေပိုင်ဆိုင်သူ** ဆိုသည့်စကားရပ်များကို **မြေပိုင်ဆိုင်ခွင့်ရှိသူ** ဟု အသီးသီးပြင်ဆင်ပါသည်။

(တ) အပိုဒ် ၃ အပိုဒ်ခွဲ(ဍ)ကို အပိုဒ်ခွဲ(ဎ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ သတ်မှတ်ကာလတစ်ခုအတွင်း ဆိုသည့်စကားရပ်ကို သုံးနှစ်ထက်မပိုသော ကာလတစ်ခုအတွင်း ဟု ပြင်ဆင်ပါသည်။

(ထ) အပိုဒ် ၃ အပိုဒ်ခွဲ(ဎ) ခြေဆင်းကို အပိုဒ်ခွဲ(ဏ) ခြေဆင်းအဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဏ)မြေသိမ်းဆည်းမှု ကုန်ကျစရိတ်ဆိုရာတွင် မြေတစ်ရပ်ရပ်ကို သိမ်းဆည်းခြင်းအတွက် ဆောင်ရွက်ရာ၌ ကုန်ကျသော အောက်ပါစရိတ်ငွေများ ပါဝင်သည်-

( ဒ) အပိုဒ် ၃ အပိုဒ်ခွဲ(ထ) ကို အပိုဒ်ခွဲ(ဒ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ရွှေ့ပြောင်းဖယ်ရှားရသော စရိတ်စကများနှင့် ဆိုသည့်စကားရပ်ကို ရွှေ့ပြောင်းဖယ်ရှားရသော ကုန်ကျစရိတ်များနှင့် ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

( ဓ) အပိုဒ် ၃ အပိုဒ်ခွဲ (ဒ) နှင့် (ဓ) တို့ကို အပိုဒ်ခွဲ(ဓ) နှင့် (န) တို့အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

(ဓ) **ပြန်လည်နေရာချထားခြင်း ဆိုသည်မှာ သိမ်းဆည်းမြေပေါ်မှ ရွှေ့ပြောင်းခံရသည့် မြေပိုင်ဆိုင်သူ၏ဆန္ဒအရ ဤဥပဒေ အခန်း(၇)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်အခွင့် အရေးတစ်ရပ်ရပ်ကို ရွေးချယ်၍ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် လူနေအိမ် အဆောက်အအုံနှင့်အခြေခံအဆောက်အအုံ များ စီစဉ်ဆောင်ရွက်ပေးခြင်းကို ဆိုသည်။**

(န) **ပြန်လည်ထူထောင်ခြင်း ဆိုရာတွင် မြေသိမ်းဆည်းခံရမှုကြောင့် အကျိုးစီးပွား ထိခိုက်နစ်နာသူများအတွက်** မြေပိုင်ဆိုင်သူ**၏ ဆန္ဒအရ ဤဥပဒေ အခန်း(၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်အခွင့်အရေးတစ်ရပ်ရပ်ကို ရွေးချယ်၍ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘော တူညီချက်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၊ ယာယီဘဝရပ်တည်မှု ကုန်ကျစရိတ်များ၊ လူမှုရေးပံ့ပိုးမှုလုပ်ငန်းစဉ်များ စသည့် လူမှုစီးပွားရေးဘဝကို ပြန်လည်ထူထောင်ပေးသည့် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ ပါဝင်သည်။**

( န) အပိုဒ် ၃ အပိုဒ်ခွဲ(ဗ) (ဘ) နှင့်(မ) တို့ကို အပိုဒ်ခွဲ(ဘ) (မ) နှင့် (ယ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဘ) မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ ဆိုသည်မှာ မြေကိုသိမ်းဆည်းရန်လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာသည့်အခါမြေသိမ်းဆည်းမှုလုပ်ငန်းအဝဝကို အကောင် အထည်ဖော်ဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုကော်မတီက ဖွဲ့စည်းတာဝန် ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ကို ဆိုသည်။

(မ) ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းအကောင် အထည်ဖော်ရေးအဖွဲ့ဆိုသည်မှာ မြေပိုင်ဆိုင်သူအား ရွှေ့ပြောင်းနေရာချထား ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်များကိုတာဝန်ခံ၍ ဆောင်ရွက် ရန် ဤဥပဒေအရ ဗဟိုကော်မတီက ဖွဲ့စည်းပေးသည့် နေပြည်တော်ကောင်စီ

သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ကို ဆိုသည်။

(ဃ) **မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့ခွဲ** ဆိုသည်မှာ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဤဥပဒေအရ မြေသိမ်းဆည်းရေးနှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးရန် ဖွဲ့စည်းပေးသော အဖွဲ့ခွဲကို ဆိုသည်။

( ပ) အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ(င) ရှိ **ခံစားခွင့်အခွင့်အရေး တစ်ရပ်ရပ်ကို** မြေပိုင်ဆိုင်သူ**၏ဆန္ဒအရ** ဆိုသည့်စကားရပ်ကို မြေပိုင်ဆိုင်သူ**၏ ဆန္ဒအရ ခံစားခွင့် အခွင့်အရေး တစ်ရပ်ရပ်ကို** ဟု ပြင်ဆင်ပါသည်။

( ဖ) အခန်း(၃) အပိုဒ် ၅ အပိုဒ်ခွဲ(က) ရှိ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာ ချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဗဟိုကော်မတီကို ဆိုသည့်စကားရပ်ကို ဗဟိုကော်မတီကို ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ ထည့်သွင်း ဖွဲ့စည်းနိုင်သည်ဆိုသည့် စကားရပ်ကို တာဝန်ပေးအပ်နိုင်သည် ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( ဗ) အပိုဒ် ၆ အပိုဒ်ခွဲ (ခ) ရှိ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ နေပြည်တော်ကောင်စီကဖြစ်စေ** ဆိုသည့်စကားရပ်ကို **နေပြည်တော်ကောင်စီကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ** ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဂ) နှင့် (ဃ) တို့ရှိ ဒေသခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများပါဝင်စေလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆိုသည့်စကားရပ်များကို ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများ ပါဝင်စေလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ဟုလည်းကောင်း၊ အသီးသီး ပြင်ဆင်ပါသည်။

(ဘ) အခန်း(၄) အပိုဒ် ၇ အပိုဒ်ခွဲ(ခ)ကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဟု ပြင်ဆင်ပါသည်။

( မ) အပိုဒ် ၉ အပိုဒ်ခွဲ(ခ)ရှိ မြေပုံကြမ်း ဆိုသည့်စကားရပ်ကို မြေပုံကြမ်း၊ တည်နေရာနှင့် ခန့်မှန်းဧရိယာ ဟု ပြင်ဆင်ပါသည်။

(ယ) အပိုဒ် ၉ အပိုဒ်ခွဲ(စ) ရှိ **ဆောင်ရွက်ပေးမည့် အစီအစဉ်၊** ဆိုသည့်စကားရပ်ကို **ဆောင်ရွက်ပေးမည့် အစီအစဉ်နှင့် အဆိုပြုချက်** ဟု ပြင်ဆင် ပါသည်။

( ရ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၉ အပိုဒ်ခွဲ(ဆ)ကို ပယ်ဖျက် ပါသည်။

**မူကြမ်း**

(လ) အပိုဒ် ၉ အပိုဒ်ခွဲ(ဈ)ကို အပိုဒ်ခွဲ(ဇ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ **လိုအပ်ပါက** ဆိုသည့် စကားရပ်ကို **လိုအပ်လျှင်** ဟု ပြင်ဆင်ပါသည်။

(ဝ) အပိုဒ် ၁၀ ရှိ **သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီ** ဆိုသည့်စကားရပ်ကို **နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့** ဟု ပြင်ဆင်သဖြင့် ဤဥပဒေတွင်ပါရှိသော **သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီ** ဆိုသည့်စကားရပ်များကို **နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့** ဟု အသီးသီး ပြင်ဆင်ပါသည်။

(သ) အပိုဒ် ၁၁ အပိုဒ်ခွဲ(က) ရှိ **ဒေသခံပြည်သူများသို့ ချပြဆွေးနွေးခြင်းနှင့်** ဆိုသည့် စကားရပ်ကို **ဒေသခံပြည်သူများနှင့် ဆွေးနွေးခြင်း၊** ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ **မြေပေါ်အမှန်နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊** ဆိုသည့်စကားရပ်ကို **မြေပြင်အခြေအနေနှင့်တိုက်ဆိုင်စစ်ဆေးခြင်း၊** ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(ဟ) အပိုဒ် ၁၃ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) **သိမ်းဆည်းရန် အဆိုပြုသည့်မြေနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာသူထံ အနည်းဆုံး ခုနစ်ရက် ကြိုတင်အကြောင်းကြား၍ မြေပြင်သို့ ကွင်းဆင်းပြီး ထိုမြေသည် အသုံးပြုရန် သင့်လျော်ခြင်းရှိမရှိ သေချာစေရန် လိုအပ်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်သည်။**

(ဠ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၃ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ပါသည်။

(အ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၄ ကို အခန်း(၅) အပိုဒ် ၂၂ အဖြစ် အောက်ပါအတိုင်း ပြောင်းလဲပြင်ဆင်ပါသည်-

၂၂။ (က) **ထိခိုက်နစ်နာသူ**များ**သည် ပုဒ်မ ၂၀ အရ မြေပြင်ကွင်းဆင်း စစ်ဆေး**ရေး **အဖွဲ့ခွဲ၏ဆောင်ရွက်ချက်များနှင့် ပေးလျော်သည့် ထိခိုက်ပျက်စီးမှုအတွက် နစ်နာကြေးနှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိပါက ရက်ပေါင်း ၃၀ အတွင်း နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြနိုင်သည်။**

(ခ) **နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မခွဲ(က)အရ တင်ပြချက်ကို**

**စိစစ်ပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။ ယင်းအမိန့်သည် အပြီးအပြတ်အတည်ဖြစ်သည်။**

( - ) အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ **အမိန့်ကြော်ငြာစာမူကြမ်းပူးတွဲ၍** ဆိုသည့်စကားရပ်ကို **အမိန့်ကြော်ငြာစာမူကြမ်းကို ပူးတွဲ၍** ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၆ ခေါင်းစဉ်ကို အပိုဒ် ၁၅ ခေါင်းစဉ်အဖြစ် ပြင်ဆင်ပြီး ယင်းခေါင်းစဉ်ရှိ **ပုဒ်မ ၁၅ အရ** ဆိုသည့်စကားရပ်ကို **ပုဒ်မ ၁၄ အရ** ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၅) အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲ(၁)ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) (၁) မြေတည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ ကွင်း သို့မဟုတ် အကွက်အမှတ်နှင့်အမည်၊ ခန့်မှန်းဧရိယာ၊ မြေအမျိုးအစားစသော မြေနှင့် သက်ဆိုင်သည့် အကြောင်းအရာများ၊

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၇ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲ(၂)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၇ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲ(၃)ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) (၂) အဆိုပြုလွှာပါ သဘာဝပတ်ဝန်းကျင်နှင့်လူမှုစီးပွားရေးဘဝ ထိခိုက်နစ်နာမှုဆန်းစစ်တွေ့ရှိချက် အကျဉ်းနှင့်ဆောင်ရွက်မည့်လုပ်ငန်းစဉ်၊

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၇ အပိုဒ်ခွဲ(ဃ)နှင့်(င) တို့ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၈ အပိုဒ်ခွဲ(က) ခေါင်းစဉ်ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(က) ခေါင်းစဉ်နှင့် အပိုဒ်ခွဲငယ်(၁) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**၁၇။ အဆိုပြုသည့်မြေကို သိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေး**သည့် **အမိန့်ကြော်ငြာစာကို -**

(က) **မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်းကြော်ငြာရမည့်အပြင် အများပြည်သူသိရှိရန် နေ့စဉ်ထုတ်သတင်းစာများတွင်လည်းကောင်း၊ ဒေသ**

**ထုတ်သတင်းလွှာများတွင်လည်းကောင်း သတ်မှတ်ကာလအတွင်း အနည်းဆုံး ၂ ကြိမ် ထည့်သွင်းကြေညာရမည်။ ထို့ပြင်အောက်ပါရုံး၊ ဌာနနှင့် နေရာများရှိ အများပြည်သူဆိုင်ရာ ကြော်ငြာသင်ပုန်းတွင်လည်း ကြေညာချက်မိတ္တူများကို ကပ်လျက် အများပြည်သူသိရှိစေရန် ထုတ်ပြန်အသိပေးရမည်။ အဆိုပါအမိန့်ကြော်ငြာစာကို လိုအပ်ပါက ဒေသသုံးဘာသာ စကားဖြင့်လည်း ပူးတွဲဖော်ပြကြော်ငြာရမည် -**

**(၁) နေပြည်တော်ကောင်စီရုံး သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊**

( - ) အပိုဒ် ၁၈ အပိုဒ်ခွဲ(ခ) နှင့်(ဂ) တို့ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)နှင့်(ဂ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ရုပ်မြင်သံကြား၊ အသံလွှင့်မီဒီယာနှင့် သက်ဆိုင်သည့်ဌာနဆိုင်ရာ ဝက်ဘ်ဆိုက်တွင် လိုအပ်ပါက ထည့်သွင်းကြေညာရမည်။

(ဂ) **သိမ်းဆည်းရန်လျာထားသည့် ဧရိယာအတွင်း ပါဝင်သူများထံ အဆိုပါအမိန့်ကြော်ငြာစာ မိတ္တူပူးတွဲလျက် အသိပေးအကြောင်းကြားစာကို တရားမကျင့်ထုံးဥပဒေနှင့်အညီ ပေးပို့အကြောင်းကြားရမည်။**

( - ) အပိုဒ် ၁၉ ကို အပိုဒ် ၁၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၈။(က) **ထိခိုက်နစ်နာသူသည် မြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိပါက ထိုသို့ထုတ်ပြန်ကြေညာသည့်နေ့မှ ၄၅ ရက်အတွင်း နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သို့ ကန့်ကွက်ရခြင်းအကြောင်းကို ကျိုးကြောင်းဖော်ပြ၍ ခိုင်လုံသော အထောက်အထားများပူးတွဲပြီး ကန့်ကွက်လွှာတင်နိုင်သည်။**

(ခ) **နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မခွဲ(က)အရတင်ပြသည့် ကန့်ကွက်လွှာ လက်ခံရရှိသည့်အခါ အဆိုပါကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပြီး သဘောထားမှတ်ချက်ဖြင့် တင်ပြစေရန် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သို့ အကြောင်းကြားရမည်။**

မူကြမ်း

(-) အပိုဒ် ၂၀ ခြေဆင်းကို အပိုဒ် ၁၉ ခြေဆင်းအဖြစ် သက်ဆိုင်ရာ **မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည်—** ဟု ပြင်ဆင် ပါသည်။

(-) အပိုဒ် ၂၀ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၉ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၁၉ အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၈ အရ ဟု ပြင်ဆင်ပါသည်။

(-) အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) **ပုဒ်မခွဲ(က) အရ ကန့်ကွက်သူအား ဖြေရှင်းခွင့်ပေးပြီးနောက် မြေကို သိမ်းဆည်းရန် မလိုအပ်ကြောင်း တွေ့ရှိပါက ထုတ်ပြန်ကြေညာသည့်အမိန့် ကြော်ငြာစာကို ပယ်ဖျက်ကြောင်း အများပြည်သူသိရှိရန် ပုဒ်မ ၁၇ ပါ နည်းလမ်းများအတိုင်း ကြေညာနိုင်ရန် နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထား မှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြရမည်။**

(-) အပိုဒ် ၂၀ အပိုဒ်ခွဲ(ဂ) ကို အပိုဒ် ၁၉ အပိုဒ်ခွဲ(ဂ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ **ကန့်ကွက်လွှာတင်သွင်းသူထံသို့** ဆိုသည့်စကားရပ်ကို **ကန့်ကွက်လွှာ တင်သွင်းသူထံ** ဟု ပြင်ဆင်ပါသည်။

(-) အပိုဒ် ၂၁ ကို အပိုဒ် ၂၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**၂၀။ ဗဟိုကော်မတီသည် -**

(က) **ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ) အရ တင်ပြသည့် သဘောထားမှတ်ချက်ကို လက်ခံ သဘောတူပါက ပုဒ်မ ၁၆ နှင့် ၁၇ တို့အရ မြေကိုသိမ်းဆည်းရန် လိုအပ် ကြောင်း အသိပေး**သည့်အမိန့်ကြော်ငြာစာနှင့် **ကြေညာချက်များကို ပယ်ဖျက်ကြောင်း ထုတ်ပြန်ကြေညာရမည်။**

(ခ) **ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဂ) အရ တင်ပြသည့် သဘောထားမှတ်ချက်ကို လက်ခံ သဘောတူပါက အဆိုပြုသည့် မြေကိုသိမ်းဆည်းရေးအတွက် စုံစမ်း စစ်ဆေးမှုများ ဆက်လက်ပြုလုပ်ရန် မြေသိမ်းဆည်းမှု အကောင်အထည် ဖော်ဆောင်ရွက်ရေးအဖွဲ့၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည် ထူထောင်ခြင်း လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့နှင့် နေပြည်တော် ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့တို့သို့ အကြောင်းကြားရမည်။**

မူကြမ်း

( - ) အပိုဒ် ၂၂ ကို အပိုဒ် ၂၁ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ထိခိုက်နစ်နာသူတို့ထံသို့ ဆိုသည့် စကားရပ်ကို ထိခိုက်နစ်နာသူထံ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၂ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၁ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ **မြေပေါ်အမှန်နှင့် တိုက်ဆိုင်စစ်ဆေးခြင်း** ဆိုသည့်စကားရပ်ကို **မြေပြင်အခြေအနေ နှင့် တိုက်ဆိုင်စစ်ဆေးခြင်း** ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၁ အပိုဒ်ခွဲ(စ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

**(စ) ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့်(င) တို့အရ ဆောင်ရွက်ရာတွင် စိုက်ပျိုးထားသော သီးပင်စားပင်များနှင့် အသုံးအဆောင်ပစ္စည်းများကို ထိခိုက်ပျက်စီးမှု မရှိစေရန်နှင့် ထိခိုက်ပျက်စီးမှုများရှိပါက ထိခိုက်ပျက်စီးမှုအတွက် ကာလ ပေါက်စျေးဖြင့် ထိခိုက်နစ်နာသူများကို နစ်နာကြေးပေးရမည်။**

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက အပိုဒ် ၂၂ အပိုဒ်ခွဲ(စ)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၂၂ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၂၁ အပိုဒ်ခွဲ(ဆ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ **လျော်ကြေးနှင့် နစ်နာကြေးများတွက်ချက်ခြင်း** ဆိုသည့်စကားရပ်ကို **နစ်နာကြေး တွက်ချက်ခြင်း** ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၃ ခြေဆင်းရှိ မြေပိုင်ဆိုင်သူ တို့**ထံ**သို့ **အနည်းဆုံး ၇ ရက် ကြိုတင် အသိပေး အကြောင်းကြားပြီး** ဆိုသည့်စကားရပ်ကို မြေပိုင်ဆိုင်ခွင့်ရှိသူ**ထံ အနည်းဆုံးခုနစ်ရက် ကြိုတင်အသိပေးအကြောင်းကြားပြီး** ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၃ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁) ကို အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(က) (၁) ပြောင်းရွှေ့နေရာချထားမည့် နေရာသည် အခြေချနေထိုင်ရန် သင့်လျော်မှုရှိမရှိနှင့် သင့်လျော်မှုရှိပါက အကောင်အထည်ဖော် နိုင်မည့် အခြေအနေ၊

( - ) အပိုဒ် ၂၃ အပိုဒ်ခွဲ(ခ)ရှိ သိမ်းဆည်းမြေတွင် ဆက်နွယ်ပတ်သက်သူများ၊ ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၂၄ အပိုဒ်ခွဲ(က)ရှိ **လွတ်လပ်စွာတောင်းပိုင်ခွင့် ရှိစေရမည်** ဆိုသည့်စကားရပ် ကို **လွတ်လပ်စွာ တောင်းယူခွင့်ရှိစေရမည်** ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ **မိမိတို့၏ မြေပြင်ကွင်းဆင်းစစ်ဆေးချက်** ဆိုသည့်စကားရပ်ကို **မိမိ၏ မြေပြင်ကွင်းဆင်းစစ်ဆေး ချက်** ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

**မူကြမ်း**

( - ) အပိုဒ် ၂၆ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၆။ **နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည်-**

**(က) မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့နှင့် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့တို့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများအပေါ် အများပြည်သူအကျိုးအလို့ငှာ မြေသိမ်းဆည်းရန် သင့် မသင့် မိမိ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ဗဟိုကော်မတီသို့ ဆက်လက်တင်ပြရမည်။ မြေသိမ်းဆည်းသင့်ကြောင်း သဘောထား မှတ်ချက်ပြုပါက မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာ မူကြမ်းကို တစ်ပါတည်းပြုစုတင်ပြရမည်။**

( - ) အပိုဒ် ၂၇ ကို အောက်ပါအတိုင် ပြင်ဆင်ပါသည်-

၂၇။ **ဗဟိုကော်မတီသည် -**

(က) **မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းက အဆိုပြုလွှာနှင့် စုံစမ်းစစ်ဆေး တွေ့ရှိချက်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ က ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က) အရ မြေသိမ်းဆည်း ရန်သင့်မသင့်တင်ပြလာသည့် သဘောထားမှတ်ချက်ကိုလည်းကောင်း စိစစ်ပြီးအများပြည်သူ အကျိုးအလို့ငှာ မြေသိမ်းဆည်းရန် သင့် မသင့် မိမိ၏ တွေ့ရှိချက်နှင့် သဘော ထားမှတ်ချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက် တင်ပြ ရမည်။**

(ခ) **ပုဒ်မခွဲ(က)အရ တင်ပြရာတွင် အများပြည်သူအကျိုးအလို့ငှာ မြေသိမ်းဆည်းသင့်ကြောင်း သဘောထားမှတ်ချက်ပြုပါက မြေသိမ်းဆည်းရန် အဆိုပြုသည့် အထောက်အထားများနှင့်အတူ အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာမည့် အမိန့်ကြော်ငြာစာ မူကြမ်းပူးတွဲပါရှိရမည်။**

( - ) အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ) ရှိ **မြေကို သိမ်းဆည်းကြောင်း အမိန့်ကြော်ငြာစာကို တာဝန်ခံဝန်ကြီးဌာနက ပုဒ်မ ၁၇ နှင့် ၁၈ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ** ဆိုသည့်စကားရပ်ကို **မြေကို သိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာကို တာဝန်ခံဝန်ကြီးဌာနက ပုဒ်မ၁၆နှင့် ၁၇တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ** ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

( - ) အပိုဒ် ၂၉ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**၂၉။ ဗဟိုကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ကပုဒ်မ ၂၈ အရ အကြောင်းကြားစာရရှိပြီးနောက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် မြေသိမ်းဆည်းမှုအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သို့ အကြောင်းကြားရမည်။**

( - ) အပိုဒ် ၃၀ ရှိ **မြေသိမ်းဆည်းမည်ဖြစ်ကြောင်း ကြေညာသည့် အမိန့်ကြော်ငြာစာမထုတ်ပြန်မီ** ဆိုသည့်စကားရပ်ကို **မြေကို သိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာမထုတ်ပြန်မီ** ဟုလည်းကောင်း၊ “**အဆိုပါကုန်ကျစရိတ်ငွေများ ဦးစီးဌာန၏** ဆိုသည့်စကားရပ်ကို **အဆိုပါကုန်ကျစရိတ်ငွေများကို ဦးစီးဌာန၏** ဟု လည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အခန်း (၆)ခေါင်းစဉ်ကို **မြေကို သိမ်းယူမည်ဖြစ်ကြောင်းနှင့် မြေလက်ရောက်သိမ်းဆည်းခြင်း** ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၆) အပိုဒ် ၃၁ ရှိ **မြေကို သိမ်းဆည်းမည်ဖြစ်ကြောင်း အများပြည်သူသိရှိရန် ပုဒ်မ ၁၇ နှင့် ၁၈ တို့ပါ နည်းလမ်းများဖြင့်** ဆိုသည့်စကားရပ်ကို **မြေကို သိမ်းယူမည်ဖြစ်ကြောင်း အများပြည်သူ သိရှိရန် ပုဒ်မ ၁၆ နှင့် ၁၇ တို့ပါ နည်းလမ်းများဖြင့်** ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၂ ခြေဆင်းရှိ **မြေကိုသိမ်းဆည်းမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည့်အမိန့်ကြော်ငြာစာတွင်** ဆိုသည့်စကားရပ်ကို **မြေကို သိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာတွင်** ဟုလည်းကောင်း၊ အပိုဒ်ခွဲ(က)ရှိ မြေတည်ရှိရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ဆိုသည့်စကားရပ်ကို မြေတည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ၊ ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ **အလိုရှိရခြင်း အကြောင်းပြချက်** ဆိုသည့်စကားရပ်ကို **လိုအပ်ကြောင်း အကြောင်းပြချက်များ** ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၂ အပိုဒ်ခွဲ(ဂ) နှင့်(ဃ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) မြေသိမ်းဆည်းမှုအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့နှင့် **ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့တို့အား** တာဝန်ပေးအပ်မှု၊

**မူကြမ်း**

(ဃ) **မြေသိမ်းဆည်းခံရသော** မြေပိုင်ဆိုင်ခွင့်ရှိသူ**နှင့် ညှိနှိုင်းသဘော တူညီပြီး ဖြစ်သည့် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လျာထား ချက်အကျဉ်း။**

( - ) အပိုဒ် ၃၃ ခေါင်းစဉ်ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**၃၃။ တာဝန်ခံဝန်ကြီးဌာနက ပုဒ်မ ၃၂ နှင့်အညီ** အမိန့်ကြော်ငြာစာ **ထုတ်ပြန် ကြေညာခြင်း၊ အသိပေးခြင်းတို့ပြုပြီးသည်နှင့်တစ်ပြိုင်နက် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ရေးအဖွဲ့သည် အောက်ပါအချက်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ရမည်-**

( - ) အပိုဒ် ၃၃ အပိုဒ်ခွဲ(က) ရှိ **မြေသိမ်းဆည်းသည့် အမိန့်ကြော်ငြာစာကို** ဆိုသည့် စကားရပ်ကို **မြေသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာကို** ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၄ ခေါင်းစဉ်ရှိ **ထိခိုက်နစ်နာသူများထံသို့ အနည်းဆုံး ၇ ရက်** ဆိုသည့် စကားရပ်ကို **ထိခိုက် နစ်နာသူများထံ အနည်းဆုံး ခုနစ် ရက်** ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂) ရှိ ပုဒ်မ ၁၇ အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၆ အရ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)နှင့်(၅)ကို အောက်ပါအတိုင်း ပြင်ဆင်ပါ သည်-

(က)(၄) စိုက်ပျိုးထားသည့် နှစ်ရှည်ပင်အတွက် လက်ရှိ အပင်တန်ဖိုးကို အခြေခံ လျှက်ဒေသ၏ ကာလပေါက်ဈေးဖြင့် တွက်ချက်သော တန်ဖိုး၏သုံးဆ၊

(၅) ရာသီသီးနှံများအတွက် တစ်ဧက ပျမ်းမျှအထွက်နှုန်းကို အခြေခံလျှက် ဒေသ၏ ကာလပေါက်ဈေးဖြင့် တွက်ချက်သော တန်ဖိုး၏သုံးဆ၊

( - ) အပိုဒ် ၃၄ အပိုဒ် ခွဲ(င) အပိုဒ်ခွဲငယ်(၁) ရှိ **ပုဒ်မ ၁၈၊** ပုဒ်မခွဲ(က)ပါအတိုင်း ဆိုသည့် စကားရပ်ကို **ပုဒ်မ ၁၇၊** ပုဒ်မခွဲ(က)ပါအတိုင်း ဟုလည်းကောင်း၊ အပိုဒ်ခွဲငယ်(၂) ရှိ **ထိခိုက်နစ်နာသူတို့၏ အိမ်ထောင်သားစု အကြီးအကဲတစ်ဦးချင်းထံသို့** ဆိုသည့် စကားရပ်ကို **ထိခိုက်နစ်နာသူတို့ထံ** ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) **မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ရေးအဖွဲ့သည်** -

(၁) **ပုဒ်မ ၃၃ နှင့် ၃၄ တို့ပါ လုပ်ငန်းတာဝန်များဆောင်ရွက်၍ လျော်ကြေးနှင့် နစ်နာကြေးများ ပေးအပ်ပြီးနောက် မြေကို အနှောက် အယှက်ကင်းရှင်းစွာ လက်ရောက်သိမ်းဆည်းရမည်။**

( - ) အပိုဒ် ၃၅ အပိုဒ်ခွဲ (ခ) ရှိ **မြေကို မြေလက်ရောက်သိမ်းဆည်းခြင်း** ဆိုသည့်စကားရပ်ကို **မြေကို လက်ရောက်သိမ်းဆည်းခြင်း** ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၇) ခေါင်းစဉ်ကို **မြေသိမ်းဆည်းခံရခြင်းအတွက် မြေပိုင်ဆိုင်ခွင့်ရှိသူ၏ ရွေးချယ်ခံစားခွင့်** ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၇) အပိုဒ် ၃၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**၃၆။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် သိမ်းဆည်းသည့် မြေတွင် အတည်တကျဆောက်လုပ်ထားသည့် အဆောက်အအုံ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အဆောက်အအုံမရှိပါက ပုဒ်မ ၃၇၊ ပုဒ်မခွဲ(ခ)ပါ မြေပိုင်ဆိုင်ခွင့်ရှိသူ၏ ဆန္ဒအရ ရွေးချယ်သည့် အခွင့်အရေးတစ်ရပ်ရပ်ကိုပေးရန် မလိုဘဲ ထိုမြေကို သိမ်းဆည်းခြင်းကြောင့် လျော်ကြေးနှင့် နစ်နာကြေးကို မြေပိုင်ဆိုင်ခွင့်ရှိသူအားလည်းကောင်း၊ နစ်နာကြေးကို သိမ်းဆည်းမြေတွင် ဆက်နွယ်ပတ်သက်သူအားလည်းကောင်း ဤဥပဒေ အခန်း(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးလျော်ရမည်။**

( - ) အပိုဒ် ၃၇ ခြေဆင်း၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ) ခြေဆင်းတို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**၃၇။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် သိမ်းဆည်းသည့်မြေတွင် အတည်တကျဆောက်လုပ်ထားသည့် အဆောက်အအုံ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အဆောက်အအုံရှိပါက မြေပိုင်ဆိုင်ခွင့်ရှိသူ၏ ဆန္ဒအရ ရွေးချယ်စေ၍ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက် ရယူပြီး ရွှေ့ပြောင်းနေရာချထားစရိတ်အပါအဝင် သိမ်းဆည်းခြင်းခံရသည့် မြေနှင့် အဆောက်အအုံ၏ ကာလတန်ဖိုးထက်မပိုစေဘဲ အောက်ပါအခွင့်အရေးတစ်ရပ်ရပ်ကို မြေပိုင်ဆိုင်ခွင့်ရှိသူအား ခံစားခွင့်ပေးနိုင်သည်-**

**(က) သိမ်းဆည်းသည့် မြေနှင့် အဆောက်အအုံအတွက် လျော်ကြေးငွေနှင့် နစ်နာကြေးကို တစ်လုံးတည်း သို့မဟုတ် အရစ်ကျ ခံစားခွင့် သို့မဟုတ်**

(ခ) ပုဒ်မခွဲ(က)ပါ **ခံစားခွင့် တစ်စိတ်တစ်ဒေသနှင့် ပူးတွဲ၍ဖြစ်စေ၊ သီးခြားဖြစ်စေ အောက်ပါအခွင့်အရေးများကို ခံစားနိုင်သည်-**

( - ) အပိုဒ် ၃၉ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၃၉။ မြေသိမ်းဆည်းရေး အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် သိမ်းဆည်းမည့် မြေနှင့်စပ်လျဉ်း၍ လျော်ကြေးငွေပေးမည့်အစား မြေပိုင်ဆိုင်ခွင့်ရှိသူနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် အခြားသောမြေကို ခွင့်ပြုပေးခြင်း သို့မဟုတ် ညီမျှသော အကျိုးဖြစ်စေမည့် တစ်စုံတစ်ရာပြုလုပ်ခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းပြုနိုင်သည်။

( - ) အခန်း (၈) အပိုဒ် ၃၉ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ (က) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) **သိမ်းဆည်းသည့် မြေတွင် အတည်တကျ** ဆောက်လုပ်ထားသည့် **အဆောက်အအုံ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အဆောက်အအုံမရှိပါက ထိုမြေကို သိမ်းဆည်းခြင်းကြောင့် ထိခိုက်နစ်နာမှုအတွက် လျော်ကြေးနှင့် နစ်နာကြေးကို မြေပိုင်ဆိုင်ခွင့်ရှိသူအား ထုတ်ပေးခြင်းနှင့် နစ်နာကြေးကို သိမ်းဆည်းမြေတွင် ဆက်နွယ်ပတ်သက်သူအား ထုတ်ပေးခြင်း၊**

( - ) အပိုဒ် ၃၉ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) **သိမ်းဆည်းသည့် မြေတွင် အတည်တကျဆောက်လုပ်ထားသည့် အဆောက်အအုံ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အဆောက်အအုံရှိပါက သိမ်းဆည်းသည့်မြေနှင့် အဆောက်အအုံတို့၏ ဒေသကာလတန်ဖိုးကို လျော်ကြေးအဖြစ် မြေပိုင်ဆိုင်ခွင့်ရှိသူအား ထုတ်ပေးခြင်း၊**

( - ) အပိုဒ် ၃၉ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၁)နှင့်(၂)တို့ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၁)နှင့်(၂) တို့ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(၁) စိုက်ပျိုးထားသည့် နှစ်ရှည်ပင်အတွက် လက်ရှိအပင်တန်ဖိုးကို အခြေခံလျှက်ဒေသ၏ ကာလပေါက်ဈေးဖြင့် တွက်ချက်သော တန်ဖိုး၏သုံးဆ၊

(၂) ရာသီသီးနှံများအတွက် တစ်ဧက ပျမ်းမျှအထွက်နှုန်းကို အခြေခံလျှက် ဒေသ၏ ကာလပေါက်ဈေးဖြင့် တွက်ချက်သော တန်ဖိုး၏သုံးဆ၊

**မှတ်ချက်**

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃၉ အပိုဒ်ခွဲ (င) ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၃၉ အပိုဒ်ခွဲ (စ) အပိုဒ်ခွဲ (ဆ) တို့ကို အပိုဒ် ၄၀ အပိုဒ်ခွဲ (င) အပိုဒ်ခွဲ(စ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) လျော်ကြေးနှင့် နစ်နာကြေးများကို ခံစားခွင့်ရှိသည့် **ထိခိုက်နစ်နာသူ သို့မဟုတ် ၎င်း၏**ကိုယ်စားလှယ်အား စိစစ်ထုတ်ပေးခြင်း၊

(စ) လျော်ကြေးနှင့် နစ်နာကြေးများကို သဘောတူထုတ်ယူသူများနှင့် ပေးလျော်မှုကို လက်မခံ၍ ထုတ်ယူခြင်းမရှိသူများအား ခွဲခြား၍ မှတ်တမ်းတင်ခြင်း။

( - ) အပိုဒ် ၄၀ ကို အပိုဒ် ၄၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၁။ **မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် -**

**(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ သို့မဟုတ် အမိန့်ကြော်ငြာစာများနှင့်အညီ ရွှေ့ပြောင်းနေရာချထား စရိတ်ကိုသော်လည်းကောင်း၊ ပုဒ်မ ၄၀ ပါ လျော်ကြေးငွေနှင့် နစ်နာကြေးပမာဏတို့ကိုသော်လည်းကောင်း တွက်ချက်၍ လျာထားပြီး နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။**

**(ခ) ဗဟိုကော်မတီက အတည်ပြုထားသည့် ရွှေ့ပြောင်းနေရာချထား စရိတ်အပါအဝင် လျော်ကြေးနှင့် နစ်နာကြေးများကို မြေပိုင်ဆိုင်ခွင့်ရှိသူထံဖြစ်စေ၊ နစ်နာကြေးများကို သိမ်းဆည်းမြေတွင် ဆက်နွှယ်ပတ်သက်သူထံဖြစ်စေ ထုတ်ပေးရမည်။**

( - ) အပိုဒ် ၄၂ အပိုဒ်ခွဲ(က) ခြေဆင်းကို အပိုဒ် ၄၃ အပိုဒ်ခွဲ(က) ခြေဆင်းအဖြစ် ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ **ပုဒ်မ ၄၁ အရ** ဆိုသည့် စကားရပ်ကို **ပုဒ်မ ၄၂ အရ** ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

( - ) အပိုဒ် ၄၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)နှင့်(၃) တို့ကို အပိုဒ် ၄၃ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)နှင့်(၃) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၂) စိုက်ပျိုးထားသည့် နှစ်ရှည်ပင်အတွက် လက်ရှိ အပင်တန်ဖိုးကို အခြေခံလျှက် ဒေသ၏ ကာလပေါက်စျေးဖြင့် တွက်ချက်သော တန်ဖိုး၏ သုံးဆ၊

(၃) ရာသီသီးနှံများအတွက် တစ်ဧက ပျမ်းမျှအထွက်နှုန်းကို အခြေခံလျှက် ဒေသ၏ ကာလ ပေါက်စျေးဖြင့် တွက်ချက်သော တန်ဖိုး၏ သုံးဆ၊

( - ) အပိုဒ် ၄၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃) ကို အပိုဒ် ၄၃ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ)(၃) **မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့ခွဲ၏သိမ်းဆည်းမည့်မြေနှင့်စပ်လျဉ်း ၍ ပုဒ်မ ၃၄ အရ ဆောင်ရွက်ချက် အစီရင်ခံစာ မိတ္တူ။**

( - ) အပိုဒ် ၄၃ ကို အပိုဒ် ၄၄ အဖြစ် ပြင်ဆင်ပြီး အပိုဒ်ခွဲ (က) ရှိ **ပုဒ်မ ၄၂ အရ** ဆိုသည့်စကားရပ်ကို **ပုဒ်မ ၄၃ အရ** ဟုလည်းကောင်း၊ အပိုဒ်ခွဲ (ခ) ရှိ **ပုဒ်မ ၄၁၊ ပုဒ်မခွဲ(က) ပါ** ဆိုသည့်စကားရပ်ကို **ပုဒ်မ ၄၂၊ ပုဒ်မခွဲ(က)ပါ** ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဂ)ရှိ **ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့ပါ** ဆိုသည့်စကားရပ်ကို **ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့ပါ** ဟုလည်းကောင်း၊ အပိုဒ်ခွဲ (င) ရှိ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဂ) ဆိုသည့်စကားရပ်ကို ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ဂ)အရ ဟုလည်းကောင်း ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၅ ကို အပိုဒ် ၄၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၆။ **ဤအခန်းပါ ပြဋ္ဌာန်းချက်များတွင် လျော်ကြေးနှင့် နစ်နာကြေးပေးခြင်းနှင့်စပ်လျဉ်း၍ မည်သို့ပင်ပါရှိစေကာမူ အများပြည်သူ အကျိုးအလို့ငှာ လယ်ယာမြေ သို့မဟုတ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံး ပြုခွင့်ရရှိထားသည့် မြေများကိုသိမ်းယူသည့်အတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူအား နစ်နာမှုမရှိစေရန် လျော်ကြေး၊ နစ်နာကြေးပေးခြင်းနှင့် အခြား နည်းလမ်းဖြင့် စီမံဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာဥပဒေအရ ဆောင်ရွက်ရမည်။**

( - ) အခန်း(၉) အပိုဒ် ၄၆ ခြေဆင်းကို အပိုဒ် ၄၇ ခြေဆင်းအဖြစ် ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ **ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ) ပါ** ဆိုသည့်စကားရပ်ကို **ပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ) ပါ** ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၇ ကို အပိုဒ် ၄၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ **ပုဒ်မ ၄၆ ပါ** ဆိုသည့် စကားရပ်ကို **ပုဒ်မ ၄၇ ပါ** ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

( - ) အပိုဒ် ၄၈ ကို အပိုဒ် ၄၉ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ **ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ) အရ ညှိနှိုင်းသဘော တူညီချက်ကို အခြေခံပြီး ပုဒ်မ ၄၅ ပါ** ဆိုသည့်စကားရပ်ကို **ပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ) အရ ညှိနှိုင်းသဘောတူညီချက်ကိုအခြေခံပြီး ပုဒ်မ ၄၆ ပါ** ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၈ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၄၉ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) မြေပိုင်ဆိုင်ခွင့်ရှိသူ**က မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့ အစည်းနှင့်ညှိနှိုင်းသဘော တူညီချက်အရ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ) ပါ အခွင့်အရေးများ အနက် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းအစီအစဉ် တစ်ရပ်ရပ်ခံစားခွင့် သို့မဟုတ် လုပ်ငန်းစီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံခွင့်ကို တောင်းဆိုသည့်အခါ ရရှိခဲ့သည့် ညှိနှိုင်းသဘောတူညီချက် လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်။**

( - ) အပိုဒ် ၄၉ ကို အပိုဒ် ၅၀ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ **သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ဆောင်ရွက်ရမည့်ကိစ္စရပ်နှင့်** ဆိုသည့်စကားရပ်ကို **ကိစ္စရပ်အလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ဆောင်ရွက်ရမည့်ကိစ္စရပ်နှင့်** ဟုပြင်ဆင် ပါသည်။

( - ) အခန်း(၁၀) အပိုဒ် ၅၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) ကို အပိုဒ် ၅၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(၄) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်အရ အရေးပေါ်နေရာချထားရေး ဆောင်ရွက်ရန် လိုအပ်ခြင်း။

( - ) အပိုဒ် ၅၁ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၅၂ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) **ဗဟိုကော်မတီသည် မြေသိမ်းဆည်းရန်အဆိုပြုသည့် မြေကိုလက်ရောက် အဆောတလျင် မြေသိမ်းဆည်းခြင်း ပြုလုပ်ရေးအတွက် ပုဒ်မ ၁၆ နှင့် ၁၇ တို့ပါ နည်းလမ်းအတိုင်း မြေကို သိမ်းဆည်းရန်လိုအပ်ကြောင်း အသိပေး သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းနှင့် အသိပေးကြေညာ ခြင်းတို့ကို ဆောလျင်စွာပြုလုပ်ပြီး ပုဒ်မ ၂၉ နှင့်အညီ အများပြည်သူသိရှိရန် အဆိုပြုသည့်မြေကို အဆောတလျင်သိမ်းဆည်းကြောင်း အမိန့်ကြော်ငြာစာကို**

**ထုတ်ပြန်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သို့ အကြောင်းကြားရမည်။**

( - ) အပိုဒ် ၅၁ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၅၂ အပိုဒ်ခွဲ(ဂ) အဖြစ်ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ **မြေကို သိမ်းဆည်းကြောင်း** ဆိုသည့်စကားရပ်ကို **မြေကို သိမ်းယူမည်ဖြစ်ကြောင်း** ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၃ အပိုဒ်ခွဲ(က)ကို အပိုဒ် ၅၄ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ **ထိခိုက်နစ်နာသူတို့ထံသို့** ဆိုသည့်စကားရပ်ကို **ထိခိုက်နစ်နာသူထံ** ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၃ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၅၄ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ **ထိခိုက်နစ်နာသူတို့၏ အိမ်ထောင်သားစု အကြီးအကဲက** ဆိုသည့်စကားရပ်ကို **ထိခိုက်နစ်နာသူက** ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၃ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၅၄ အပိုဒ်ခွဲ(ဂ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) **လျော်ကြေးနှင့် နစ်နာကြေးများကို ထုတ်ပေးရာတွင် သာမန်မြေသိမ်းဆည်းခြင်း လုပ်ထုံးလုပ်နည်းများကို အဆောတလျင် ပြုလုပ်ရသဖြင့် ပိုမို၍ ထိခိုက်နစ်နာမှု ရှိနိုင်သည့်အတွက် မြေပိုင်ဆိုင်ခွင့်ရှိသူအားမြေ၏ ဒေသကာလတန်ဖိုးအပေါ် ၁၀ ရာခိုင်နှုန်း ထပ်ဆောင်း၍သော်လည်းကောင်း၊ သိမ်းဆည်းသည့် မြေနှင့် ဆက်နွယ်ပတ်သက်သူအား ထိခိုက်နစ်နာမှု တန်ဖိုးပမာဏအပေါ် ၁၀ ရာခိုင်နှုန်း ထပ်ဆောင်း၍သော်လည်းကောင်း ပေးရမည်။**

( - ) အပိုဒ်၅၃ အပိုဒ်ခွဲ(င)ကို အပိုဒ် ၅၄ အပိုဒ်ခွဲ(င)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) **မြေပိုင်ဆိုင်ခွင့်ရှိသူက ပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ)ပါ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်ကို ညှိနှိုင်းတောင်းဆိုသည့်အခါ ဤဥပဒေအခန်း(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆီလျော်သလို ကျင့်သုံးဆောင်ရွက်ရမည်။**

**မူကြမ်း**

( - ) အခန်း(၁၁) အပိုဒ် ၅၄ ခေါင်းစဉ်ကို အပိုဒ် ၅၅ ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၅။ ဗဟိုကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အများပြည်သူအကျိုးအလို့ငှာ အောက်ပါကိစ္စရပ်များအတွက် အများဆုံး သုံးနှစ်ထက်မပိုစေဘဲ ပုဒ်မ ၁၆ နှင့် ၁၇ တို့ပါ နည်းလမ်းအတိုင်း ယာယီမြေသိမ်း ဆည်းရန်လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာ စာထုတ်ပြန်ခြင်းနှင့် အသိပေးကြေညာခြင်းတို့ ပြုလုပ်ပြီး ယာယီမြေသိမ်းဆည်းခြင်းကို ဆောင် ရွက်နိုင်သည် -

( - ) အပိုဒ် ၅၆ ကို အပိုဒ် ၅၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၇။ **ပုဒ်မ ၅၅ အရ ယာယီမြေသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းနှင့် အသိပေးကြေညာခြင်းတို့ ပြုလုပ်ပြီးနောက် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် ထိခိုက်နစ်နာသူ ထံ မည်သည့်မြေများကို မည်သည့်ကာလအပိုင်းအခြားအထိ မည်သည့်ကိစ္စရပ် အလို့ငှာ ယာယီမြေသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာ စာပူးတွဲ၍ အသိပေးအကြောင်းကြားစာ ပေးပို့ရမည်။ ထို့ပြင်ယာယီမြေ သိမ်းဆည်းသည့်ကာလအတွက် ပေးအပ်ရမည့်နစ်နာကြေးနှင့် သတ်မှတ်အခကြေးငွေတို့ကို ထိခိုက်နစ်နာသူများနှင့် ညှိနှိုင်းသဘော တူညီချက်ရယူရမည်။**

( - ) အပိုဒ် ၅၇ ကို အပိုဒ် ၅၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ **ပုဒ်မ ၄၁၊ ၄၂၊ ၄၃ နှင့် ၄၄ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ** ဆိုသည့်စကားရပ်ကို **ပုဒ်မ ၄၂၊ ၄၃၊ ၄၄ နှင့် ၄၅ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ** ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၈ ကို အပိုဒ် ၅၉ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ **ပြန်လည်အပ်နှံချိန်တွင်လည်း** ဆိုသည့်စကားရပ်ကို **ပြန်လည်အပ်နှံချိန်တွင်** ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၁၂) အပိုဒ် ၅၉ အပိုဒ်ခွဲ(င)ကို အပိုဒ် ၆၀ အပိုဒ်ခွဲ(င) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ သို့တည်းမဟုတ် ဆိုသည့်စကားရပ်ကို သို့မဟုတ် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၉ အပိုဒ်ခွဲ(ဆ)နှင့်(ဇ) တို့ကို အပိုဒ် ၆၀ အပိုဒ်ခွဲ(ဆ)နှင့်(ဇ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) **ပြန်လည် နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများကို သဘောတူညီထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးမှုမရှိခြင်းနှင့် ပျက်ကွက်ခြင်း၊**

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့မှ အကြောင်းခြင်းရာ တစ်ရပ်ရပ်ကြောင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြေကို သိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာကို ပြန်လည်ဖျက်သိမ်းခြင်း၊

( - ) အပိုဒ် ၆၀ ကို အပိုဒ် ၆၁ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ **၅၉**၊ ပုဒ်မခွဲ(ဂ) မှ (ဆ) အထိ ဆိုသည့်စကားရပ်ကို ပုဒ်မ **၆၀**၊ ပုဒ်မခွဲ(ဂ)မှ (ဆ) အထိ ဟု ပြင်ဆင်ပါ သည်။

( - ) အပိုဒ် ၆၂ ကို အပိုဒ် ၆၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**၆၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၆၁ အရ နိုင်ငံတော်၏ လက်ဝယ်သို့ ပြန်လည်ရောက်ရှိသည့် မြေကိုအများပြည်သူအကျိုးအလို့ငှာ နိုင်ငံတော်အတွက် လိုအပ်သော စီမံကိန်းတစ်ခုခုတွင် အသုံးပြုနိုင်သည်။**

( - ) အခန်း(၁၃) အပိုဒ် ၆၃ ကို အပိုဒ် ၆၄ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ **ထိုသူကို ၂ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅ သောင်းထက် မပိုသောငွေဒဏ်ဖြစ်စေ** ဆိုသည့်စကားရပ်ကို ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၆၄ ကို အပိုဒ် ၆၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၅။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်း ခံရသူမည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်သည့် ဆောင်ရွက်ချက်များကို မရိုးမဖြောင့်သော သဘောဖြင့် ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံး **နှစ်နှစ်**အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ် လည်း ချမှတ်နိုင်သည်။

( - ) အပိုဒ် ၆၅ ကို အပိုဒ် ၆၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆၆။ မည်သူမဆို ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသော အဖွဲ့သို့ဖြစ်စေ၊ ပုဂ္ဂိုလ်ထံဖြစ်စေ မမှန်ကန်သော သက်သေခံချက်နှင့် အထောက်အထားများကို မမှန်ကြောင်းသိလျက် တမင်တင်ပြကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို **ခုနစ်**နှစ်ထက် မပို သော

**မူကြမ်း**

ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်**တစ်ဆယ်** သိန်းထက်မပိုသော ငွေဒဏ်ကို လည်း ချမှတ်နိုင်သည်။

( - ) အခန်း(၁၄) အမျိုးသားလွှတ်တော် ၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆၇ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၆၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**၆၈။ ဤဥပဒေဖြင့် မြေသိမ်းဆည်းခြင်းမဟုတ်ဘဲ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မြေကို ရယူအသုံးပြုခြင်းကြောင့် အကျိုးစီးပွားထိခိုက် နစ်နာမှုများရှိခဲ့ပါက ပုဒ်မ ၄၆ အရလျော်ကြေး၊ နစ်နာကြေးပေးခြင်းကိစ္စမှ အပမြေတွင် ထိခိုက်နစ်နာသူတို့အား ဤဥပဒေပါ လျော်ကြေး၊ နစ်နာကြေး ပေးခြင်းနှင့် မြေပိုင်ဆိုင်ခွင့်ရှိသူအား ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည် ထူထောင်ခြင်း လုပ်ငန်းစဉ်များနှင့်အညီ ဆီလျော်သလို ကျင့်သုံးဆောင်ရွက်ရ မည်။**

( - ) အပိုဒ် ၆၉ အပိုဒ်ခွဲ (ခ) ရှိ **ပုဒ်မ ၄၀ အရ လွဲအပ်လွှာတင်သွင်းရန် တောင်းဆိုသည့် လျှောက်လွှာနှင့် ပုဒ်မ ၄၁ အရ** ဆိုသည့် စကားရပ်ကို **ပုဒ်မ ၄၁ အရ လွဲအပ်လွှာ တင်သွင်းရန် တောင်းဆိုသည့် လျှောက်လွှာနှင့် ပုဒ်မ ၄၂ အရ** ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၇၀ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၇၀။ ဤဥပဒေ ပုဒ်မ ၆၄ နှင့် ၆၅ တို့အရ အရေးယူသော ပြစ်မှုတစ်ရပ်ရပ်ကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

( - ) အပိုဒ် ၇၁ အပိုဒ်ခွဲ(ခ)ရှိ **တာဝန်ခံဝန်ကြီးဌာနနှင့်** ဦးစီးဌာနတို့သည် ဆိုသည့် စကားရပ်ကို ဗဟိုကော်မတီ၊ တာဝန်ခံ**ဝန်ကြီးဌာနနှင့်** ဦးစီးဌာနတို့သည် ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၉-၁-၂၀၁၉ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ် ကြောင်း အသိပေးကြေညာပါတယ်။

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်။ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၂၅.၁.၂၀၁၉)
# ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Kyaw Tin U Maung Myint




Dr Myint Htway U Stephin




Dr Myint Htway U Ohn Lwin




Dr Myint Htway U Khin Maung Thi




Dr Myint Htway Dr Than Aung Soe




Dr Myint Htway Daw Khin Saw Wai

pyithu.hluttaw.mm


Dr Myint Htway


U Nay Linn Aung

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်